# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်   ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်၊ ဗုဒ္ဓဟူးနေ့   အတွဲ [၅၅]၊ အမှတ် [၁၁၉]

**မြတ်ဗုဒ္ဓအဆူဆူတို့၏ အဆုံးအမ**

- ❖ မကောင်းမှု ရှောင်၊
- ❖ ကောင်းမှု ဆောင်၊
- ❖ ဖြူအောင် စိတ်ကိုထား။

# ထင်ရှားကျော်ကြားသည့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ကောင်းမွန်သော ဂုဏ်သတင်းများဖြင့် မွေးပျံ့ပါစေသော်



ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးနှင့် ကျိုက်ထီးရိုးတောင်၏ တောတောင်သဘာဝရှုခင်းများ၊ အဆောက်အအုံများကို တွေ့မြင်ရစဉ်။ ဓာတ်ပုံ-ထွန်းဝင်းနိုင် (MNA)

သတင်းဆောင်းပါး
မင်းသစ်၊ သီသီမင်း

တစ်ချိန်တုန်းက ကျိုက်ထီးရိုးစေတီအား ဖူးမြော်ကြည်ညိုရန် ညဘက်တွင် မီးတုတ်များကိုင်ပြီး အပေါင်းအသင်းများနှင့် အဖွဲ့လိုက်တောင်ပေါ်တက်ခဲ့သည်ကို ပြန်ပြောင်းသတိရမိသည်ဟု နှစ်စဉ်နှစ်တိုင်း ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ အကြိမ်ကြိမ်တက်ရောက်သည့် ရန်ကုန်မြို့မှ ဘုရားဖူးလာသူ မနိုင်က ပြောသည်။

အဲဒီတုန်းက "ကားလမ်းကလည်း မပေါက်သေးတော့ အဖွဲ့လိုက်၊ မိသားစုလိုက် ပျော်ဖို့ကောင်းလိုက်တာ၊ တောလမ်းတစ်လျှောက်မှာလည်း မောရင်နားနိုင်တဲ့စခန်းတွေက ဆိုင်တွေမှာ စားချင်တာစား အလှူနစ်သည်တာ၊ မိတ်ဆွေသစ်တွေလည်း နှစ်တိုင်းတိုးခဲ့တယ်။ ခုတော့ လမ်းတွေကလည်း ကောင်း၊ ကားလမ်းလည်းပေါက်သွားပြီဆိုတော့ ရန်ကုန်က လာကတည်းက တောင်ခြေကနေ ကားနဲ့ပဲတက်ဖြစ်တော့တယ်။ တောလမ်းက မသွားဖြစ်တာကြာသွားပါပြီ" ဟု ၎င်းကပြောသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

# ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းရာတွင် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ကျရာအခန်းကဏ္ဍတွင် ပါဝင်နိုင်ရန်ဆွေးနွေး

စာမျက်နှာ-၃

## ထိုင်းနိုင်ငံတောင်ပိုင်း ကမ်းခြေတွင်တွေ့ရှိရသည့် အပျက်အစီးမှာ MH 370 ၏ အပျက်အစီးများမဟုတ်

စာမျက်နှာ-၄

## အမျိုးသမီးများဘဝ ကာကွယ်မြှင့်တင်ကြရာဝယ်....

စာမျက်နှာ-၁၀



## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ကုန်ဈေးနှုန်း၏သက်ရောက်မှု

ကုန်ဈေးနှုန်းအတက်အကျသည် တစ်နေရာတည်းတွင် အကျိုးသက်ရောက်သည်ဟု မဆိုနိုင်ချေ။ ကုန်ပစ္စည်းတစ်ခုအပေါ် အမြတ်များများရလို၍ ဈေးတက်ရောင်းလိုက်မည်ဆိုပါက ယင်း၏အကျိုးဆက်မှာ အခြားသော ကုန်ပစ္စည်းများကိုပါ ဈေးနှုန်းတက်ရောင်းအောင်တွန်းပို့လိုက်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဒေါ်လာဈေးတက်၍ ပြည်ပက တင်သွင်းလာသော သွင်းကုန်များအပေါ် အလွန်အကျွံ ဈေးတက်ရောင်းမည်ဆိုပါက အကျိုးဆက်အဖြစ် အခြားသော ပြည်တွင်းအခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ငရုတ်၊ ကြက်သွန် အစရှိသဖြင့် ကုန်ဈေးနှုန်းသည် တအိအိလိုက်တက်လာရသည်။

နောက်ဆုံး ဈေးပေါပေါနှင့် ဝယ်စားနိုင်သည်ဆိုသော ဟင်းရွက်ကန်စွန်းကိုပင် ဈေးကြီးကြီးပေး ဝယ်စားလာကြရသည်။ ထုတ်လုပ်မှု စိုက်ပျိုးစရိတ်များအပေါ် အခြေခံထား၍ ဟင်းသီးဟင်းရွက်ကိုပင် ဈေးကြီးကြီးပေးဝယ်စားလာကြရသည်။ ထို့ကြောင့် ဒေါ်လာဈေးတက်သည်။ ရွှေဈေးတက်သည်မှာ ငါတို့နှင့်မဆိုင်ဟု မဆိုနိုင်ပေ။ ကုန်ဈေးနှုန်းသည် အားလုံးကို ရိုက်ခတ်ပါသည်။ ရွှေရောင်းသူများက ရွှေကို ဈေးတက်ရောင်းလျှင် ချဉ်ပေါင်ရွက်၊ ကန်စွန်းရွက်သည်များကလည်း ဈေးတက်ရောင်းလာကြသည်။ ဆိုက်ကားဆရာများကလည်း ဈေးတိုးတောင်းလာသည်။ တက္ကစီသမားများကလည်း လမ်းကြောင်းတစ်ခု အနည်းဆုံး ကျပ်နှစ်ထောင်မှ စတောင်းလာသည်။ ဤသို့ဖြင့် ကုန်ဈေးနှုန်းသည် နေရာတိုင်းတွင် တဖြည်းဖြည်းတက်လာလျက်ရှိသည်။

ကုန်ဈေးနှုန်းမြင့်တက်မှုသည် အခြေခံလူတန်းစားများသာမက ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းကြီးများအထိ ရိုက်ခတ်မှုရှိခဲ့သည်။ မူလလျာထားကုန်ကျငွေထက် ဒေါ်လာဈေးအပြောင်းအလဲကြောင့် လွှတ်တော်အတွင်း ထပ်ဆောင်းဘတ်ဂျက်များ တိုးတောင်းရသည်အထိ ရိုက်ခတ်မှုများ ရှိခဲ့သည်။

အခြေခံစားသုံးသူဈေးနှုန်း ( Consumer Price) မြင့်တက်လာခြင်းသည် ငွေကြေးတန်ဖိုး ကျဆင်းမှုတစ်ရပ်ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ငွေကြေးဖောင်းပွမှုနှုန်း (Inflation) မြင့်တက်လာခြင်း ဖြစ်သည်။ ကုန်ဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုတို့သည် တိုက်ရိုက်အချိုးကျနေသည်။ ကုန်ဈေးနှုန်း မြင့်တက်လေ ငွေကြေးဖောင်းပွမှုနှုန်းသည် တိုးလာလေဖြစ်သည်။

ထို့ကြောင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးသည် အလွန်ပင်အရေးကြီးလာပြီဖြစ်သည်။ ကုန်ဈေးနှုန်း တည်ငြိမ်ရေးသည် ရောင်းသူဝယ်သူအားလုံးတွင် တာဝန်ရှိလာသည်။ ကုန်ပစ္စည်းတစ်ခုအပေါ် စတင်ဈေးတက်ရောင်းတော့မည်ဆိုလျှင် ထိုကုန်ပစ္စည်းတစ်ခုအတွက်သာ ဈေးတက်ခြင်းမဟုတ်ပေ။ အခြားသော အခြေခံစားကုန်များလည်း ဈေးတက်လာနိုင်သည်ဆိုသည်ကို သတိပြုသင့်သည်။ သို့ဖြစ်၍ ကုန်သည်ကြီးများအနေဖြင့် မိမိတို့ အမြတ်အစွန်းရရှိရေးတစ်ခုအတွက်သာ စဉ်းစားခြင်းမျိုးမဟုတ်ဘဲ ကုန်ဈေးနှုန်းတစ်ခု၏ သက်ရောက်မှုသည် အားလုံးကို ရိုက်ခတ်မှုရှိနိုင်သည်ကို ထည့်သွင်းစဉ်းစားအပ်ပါကြောင်း။ ။

မြန်မာ့အလင်း
၁၂၇၄ ခုနှစ်က တည်ထောင်သည်၊
Myanma Alinn Daily
စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

# ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး အိန္ဒိယနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲတက်ရောက်




**ရန်ကုန် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည့် (၆၇)နှစ်မြောက် အိန္ဒိယသမ္မတနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဗိုလ်ချုပ်အောင်ကျော်ဇောနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးဇော်သိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya တို့က စင်မြင့်၌ နေရာယူကြပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နိုင်ငံတော်သီချင်းများနှင့် အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ဂုဏ်ပြုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် သံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့် တက်ရောက်လာကြသူများအား အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

## ရှမ်းကန်-ကျောက်ကြီး ကျေးရွာချင်းဆက် တံတားပြီးစီးရေးဆောင်ရွက်

**ကဝ ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်လျက်ရှိသော ကဝမြို့နယ်အတွင်းမှ ကျေးရွာချင်းဆက်လမ်းပိုင်းတစ်ခုဖြစ်သော ရှမ်းကန်-ကျောက်ကြီး တံတားအရှည် ပေ ၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၀ ပေအောက်ခံ အုတ်ခုံအပေါ်သစ်သားတံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၂၅ ရက်က ခရိုင်ဦးစီးမှူး ဦးအောင်ကျော်မိုး၊ မြို့နယ်ဦးစီးမှူးဦးကျော်ထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ ဦးမျိုးစစ်သွေးတို့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်အချိန်အတွင်း လုပ်ငန်းများပြီးစီးရန်နှင့် စံချိန်စံညွှန်းပြည့်ဝစွာ ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သပြေ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၂၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၇၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၆၆၀ ကျပ် |
| ဝရိမီယံဒီဇယ် | ၅၁၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

မန္တလေး

| | |
|---|---|
| ဒီဇယ် | ၅၄၀/၅၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၀/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၁၀/၇၅၀ ကျပ် |
| ဝရိမီယံဒီဇယ် | ၅၇၀/၆၂၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးခိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၁၁.၀ |
| ဥရောပ | တစ်ယူရို | ၁၄၃၈.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၂.၆၀ |
| ထိုင်း | တစ်ဘတ် | ၃၆.၁၈၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၈၅၆ |
| တရုတ် | တစ်ယွမ် | ၂၀၂.၄၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၄.၃၉ |

ခင်ရတနာ-စုစည်းသည်။

# ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းရာတွင် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ကျရာအခန်းကဏ္ဍတွင် ပါဝင်နိုင်ရန်ဆွေးနွေး




**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ရှိ သီရိရတနာခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ဇနီး ဂုဏ်ထူးဆောင် နာယက ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဂုဏ်ထူးဆောင်နာယက ဒေါ်နန်းရွှေမှန်တို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက ဒေါ်နီနီဝင်းက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် အမျိုးသမီးများဘဝလုံခြုံရေးကို အလေးထားခြင်းသည် အမျိုးသမီးရေးရာအဖွဲ့များ၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ၂၀၁၅ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် သဘာဝ အဓမ္မပြုကျင့်မှုများသည် ၄၀ ရာခိုင်နှုန်းရှိခဲ့သည့်အတွက် ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို မြို့ပြနှင့် ကျေးရွာမကျန် အရှိန်အဟုန်မြှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ဥပဒေပိုင်းဆိုင်ရာ အကူအညီပေးမှုများကိုလည်း ယခုထက်ပိုပြီးဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြပြီး လူကုန်ကူးခံရသူ အမျိုးသမီးများဘဝ ရပ်တည်ရေးအတွက် တတ်စွမ်းနိုင်သမျှ ကူညီထောက်ပံ့ပေးကြရမည် ဖြစ်ပါကြောင်း။

အမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် အမျိုးသမီးများ၏ အရည်အသွေးစွမ်းပကားများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသမီးများကို အသိပညာပေးရုံသာမဟုတ်ဘဲ ကိုယ်တိုင်နားလည်သဘောပေါက်ပြီး ကိုယ်တိုင်လိုက်နာကျင့်သုံးသည့် အလေ့အထရလာသည်အထိ ထဲထဲဝင်ဝင် ဝိုင်းဝန်းဆောင်ရွက်နိုင်အောင်လည်း မိမိတို့လုပ်ဆောင်ချက်များကိုတင်ပြရင်း ထပ်မံ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြစေလိုပါကြောင်း။

အမျိုးသမီးများ၏ အရည်အသွေးစွမ်းပကားများကို မြှင့်တင်ရာတွင် အမျိုးသမီးများကိုယ်တိုင် နားလည်ဆောင်ရွက်နိုင်သည့် အရည်အသွေးများ၊ မြန်မာယဉ်ကျေးမှုနှင့်ကိုက်ညီပြီး မိမိဘဝလမ်းကြောင်းကို မိမိကိုယ်တိုင် ဦးဆောင်လျှောက်လှမ်းနိုင်သည့် အရည်အသွေးများကို ပိုင်ဆိုင်ခွင့်ရလာသည်အထိ လိုအပ်သည့်သင်တန်းများ ဖွင့်လှစ်ပေးပြီး အရည်အသွေးများ မည်မျှတက်လာသည်ကို ပြန်လည်တိုင်းထွာနိုင်သည်အထိ ဆွေးနွေးနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါကြောင်း။

ထို့ပြင် ဒီမိုကရေစီနိုင်ငံအဖြစ် လျှောက်လှမ်းရာတွင် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး ကျရာအခန်းကဏ္ဍတွင်ပါဝင်နိုင်မည့် ဆွေးနွေးချက်များကို ဆွေးနွေးကြပါဟု တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ခင်မာထွန်းက ၂၀၁၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့်အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၅ ခုနှစ်အတွင်း လှုပ်ရှားဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စည်းရုံးရေး၊ စီမံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ပြန်ကြားရေး၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးစသည့် ဌာနကြီးများနှင့် လုပ်ငန်းအဖွဲ့များက ဆောင်ရွက်မှုများကို တင်ပြခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်မှုများ တင်ပြခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မှစ၍ ဇန်နဝါရီ ၂၈ ရက်အထိ သုံးရက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်း အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

# တာဝန်လွှဲပြောင်းမှု အဆင်ပြေချောမွေ့ရေး၊ ဖေဖော်ဝါရီလအတွင်း နှစ်ဖက်ညှိနှိုင်းကျင်းပနိုင်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းမှု အထောက်အကူပြုကော်မတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့တို့အကြား ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ ရုံးအမှတ်(၀၈) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓာတ်ပုံ)**

အစည်းအဝေးတွင် နိုင်ငံတော်အကြီးအကဲတာဝန်လွှဲပြောင်းသည့် အခမ်းအနားကျင်းပမည့် အစီအစဉ်လျာထားချက်များ၊ ဝန်ကြီးဌာနအချို့၏ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ တာဝန်လွှဲပြောင်းမှု အဆင်ပြေချောမွေ့ရေး ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီလအတွင်း နှစ်ဖက်ညှိနှိုင်းကျင်းပနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အကြီးအကဲတာဝန် လွှဲပြောင်းမှုအထောက်အကူပြု ကော်မတီမှ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူး ဦးဇော်ဌေးတို့ တက်ရောက်ခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အသွင်ကူးပြောင်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမျိုးအောင်နှင့် ဒေါက်တာ အောင်သူတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် IDLO တို့အကြား MoU နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (IDLO) တို့အကြား ဥပဒေပညာဖွံ့ဖြိုးတိုးတက်ရေးအကူအညီပေးရေးအတွက် MoU သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီက နေပြည်တော်ဟိုတယ်ဇုန်ရှိ The Lake Garden ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာဥပဒေရုံးတစ်ရုံးအဖြစ် ခေတ်နှင့်အညီ ဥပဒေတာဝန်ကို ထမ်းဆောင်ပေးရန်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများသည် စာတွေ့၊ လက်တွေ့ ဥပဒေပညာတိုးတက်အောင် ယနေ့ကာလအထိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လက်တွေ့အတွေ့အကြုံများရရှိနိုင်ရန်အတွက် မိမိတို့၏အတွေ့အကြုံတစ်ခုတည်းသာမက ဥပဒေပညာသင်ကြားပေးခဲ့ကြသော အာစရိယဆရာသမားများ အတွေ့အကြုံနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များ၏အတွေ့အကြုံများကိုပါ လေ့လာဆည်းပူးစေခဲ့ကြောင်း။

ထို့ပြင် လက်တွေ့အတွေ့အကြုံများကိုအခြေခံပြီး နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်နှင့်အညီ ကိုရီးယားသမ္မတနိုင်ငံမှ KOICA အဖွဲ့အစည်း၊ ဂျပန်နိုင်ငံမှ JICA အဖွဲ့အစည်း၊ စင်ကာပူသမ္မတနိုင်ငံ တရားရေးဝန်ကြီးဌာန၊ UNDP အဖွဲ့အစည်း၊ USAID အဖွဲ့အစည်း၊ တရုတ်၊ လာအိုနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း စီမံချက်သဘောတူစာချုပ်များ ချုပ်ဆိုပြီး လက်တွေ့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာသေးမီကာလကလည်း နိုင်ငံတော်အစိုးရ၏သဘောတူခွင့်ပြုချက်နှင့်အညီ ဥပဒေအရာရှိများ၏ ဥပဒေပညာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၅ ခုနှစ်တွင် မဟာဗျူဟာ ငါးနှစ်စီမံကိန်းအစီအစဉ်များချမှတ်ပြီး ကမ္ဘာ့အဆင့်မီ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းရေးဆွဲပြီးနောက်ပိုင်း ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် IDLO အဖွဲ့အစည်းနှင့် ပထမဆုံးသဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ IDLO အဖွဲ့အစည်းမှ Director Global Initiatives ဖြစ်သူ Dr. Faustina Pereira က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် IDLO အဖွဲ့အစည်းတို့အကြား MoU သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းသည် မြန်မာနိုင်ငံနှင့် ပြည်သူများဖွံ့ဖြိုးတိုးတက်ရေးအတွက် ခြေလှမ်းတစ်ရပ်ပင် ဖြစ်ပါကြောင်း ပြောကြားသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံတောင်ပိုင်း ကမ်းခြေတွင်တွေ့ရှိရသည့် အပျက်အစီးမှာ MH 370 ၏ အပျက်အစီးများမဟုတ်

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၆**

ထိုင်းနိုင်ငံတောင်ဘက်ပိုင်းပင်လယ်ကမ်းခြေမှ တွေ့ရှိခဲ့ရသောအပျက်အစီးများမှာ လွန်ခဲ့သောနှစ်နှစ်ကပျောက်ဆုံးခဲ့သည့် မလေးရှားလေကြောင်းမှ ခရီးသည်တင်လေယာဉ်၏ အပျက်အစီးများမဟုတ်ဟု မလေးရှားပို့ဆောင်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင်ပြောသည်။

စုံစမ်းစစ်ဆေးမှုများပြုလုပ်ပြီးနောက် ယခုတွေ့ရှိသော အပျက်အစီးများသည်ဘိုးရင်း 777 ၏အပျက်အစီးများ မဟုတ်ကြောင်း၊ အပျက်အစီးများတွင် တွေ့ရသည့်အမှတ်အသားနံပါတ်မှာ မလေးရှားလေကြောင်းလိုင်း၏မှတ်တမ်းစာရင်းတွင်မပါရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။

ထိုင်းနိုင်ငံတောင်ပိုင်းကမ်းခြေ၌ ကြီးမားသည့် သတ္တုအပိုင်းအစကြီးတွေ့ရှိစဉ်က ပျောက်ဆုံးနေသည့် ဘိုးရင်း 777 ၏ အပျက်အစီးများဖြစ်နိုင်ကြောင်း ခန့်မှန်းမှုများ ပေါ်ထွက်လာသည်။ MH 370 လေယာဉ်ပျောက်ဆုံးသွားခြင်းသည် လေကြောင်းလိုင်း သမိုင်းတစ်လျှောက်တွင် အထူးဆန်းဆုံးပျောက်ဆုံးမှုဖြစ်သည်။ ယင်းလေယာဉ်မှာ ၂၀၁၄ ခုနှစ်မတ်လက မလေးရှားနိုင်ငံကွာလာလမ်ပူမှ တရုတ်နိုင်ငံပေကျင်းသို့ပျံသန်းစဉ် ပျောက်ဆုံးခဲ့ပြီး လေယာဉ်ပေါ်တွင် ခရီးသည် ၂၃၉ ဦး လိုက်ပါခဲ့သည်။ **(ရှင်ဟွာ)**




ကွာလာလမ်ပူ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပျောက်ဆုံးနေသည့် MH 370 လေယာဉ်ပေါ်မှ ခရီးသည်များအတွက် ဆုတောင်းစာများရေးသားနေသည့် ကလေးငယ်များကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်က တွေ့ရစဉ်။

# ဂျပန်ဘုရင်နှင့် ကြင်ရာတော်တို့ ဖိလစ်ပိုင်သို့ထွက်ခွာ

**တိုကျို ဇန်နဝါရီ ၂၆**

ဂျပန်ဘုရင်မင်းမြတ်အာကီဟီတိုနှင့် မိဖုရား မီချီကိုတို့ ဇနီးမောင်နှံသည် အင်္ဂါနေ့က ဒုတိယကမ္ဘာစစ်အတွင်း စတေးခဲ့ရသူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်နှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံမှု အနှစ် ၆၀ ပြည့်အထိမ်းအမှတ်အဖြစ် ဖိလစ်ပိုင်နိုင်ငံသို့ ငါးရက်တာခရီးစဉ် သွားရောက်ရန် တိုကျိုမှ ထွက်ခွာခဲ့သည်။

၎င်းတို့ဇနီးမောင်နှံသည် ၁၉၆၂ ခုနှစ်ကလည်းတော်ဝင်အိမ်ရှေ့စံနှင့် မင်းသမီးအနေဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ တစ်ကြိမ်သွားရောက်ခဲ့ပြီး ယခုခရီးစဉ်သည် လက်ရှိ စိုးစံနေသော ဂျပန်ဧကရာဇ်ဘုရင်၏ တရားဝင်သွားရောက်သည့်ပထမဆုံးခရီးစဉ်ဖြစ်သည်။

တော်ဝင်ဘုရင်နှင့် ကြင်ရာတော်တို့သည် တိုကျိုရှိဟာနေဒါလေဆိပ်မှ မထွက်ခွာမီ ဘုရင် အာကီဟီတိုက ဖိလစ်ပိုင်နိုင်ငံသား ၁ ဒသမ ၁ သန်းတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဒုတိယကမ္ဘာစစ်အတွင်း ဆုံးရှုံးခဲ့ရပြီး ၎င်းတို့ ထဲတွင်အပြစ်မဲ့ပြည်သူများစွာ ပါဝင်ခဲ့ရသည်ဟု ပြောသည်။



ယမန်နှစ် ဇွန်လအတွင်း ဖိလစ်ပိုင်သမ္မတ ဘီနစ်နိုအကွီနိုနိုင်ငံတော်အဆင့် အလည်အပတ်ခရီးသွားရောက်ခဲ့စဉ်က ဂျပန်ဘုရင်နှင့်ကြင်ရာတော်အား ဖိလစ်ပိုင်သို့လာရောက်ရန် ဖိတ်ခေါ်ခဲ့မှုကြောင့် ယခုကဲ့သို့ ခရီးစဉ်သွားရောက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်ဘုရင့်တပ်မတော် (IJA) သည် ၁၉၄၁ ခုနှစ်ဒီဇင်ဘာ ၈ ရက် ဟာဝိုင်ယီရှိ ပုလဲဆိပ်ကမ်းကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီးနောက် ပစိဖိတ်ဒေသသည် ပြင်းထန်ဆိုးရွားသော စစ်ဘေးဒုက္ခများ ခံစားခဲ့ရသည်။ **(ဆင်ဟွာ)**

# ယန်စီမြစ်ဝကျွန်းပေါ်ဒေသတွင် နိုင်ငံတကာခရီးသည်များအား ၁၄၄ နာရီကြာ ဗီဇာကင်းလွတ်ဝင်ရောက်ခွင့်ပြု

**ပေကျင်း ဇန်နဝါရီ ၂၆**

တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းတိုးတက်လာစေရန် နိုင်ငံတကာမှ ခရီးတစ်ထောက်နားခရီးသည်များအား ရှန်ဟိုင်း၊ ကျန်းစူးနှင့် ဇီကျန်းတို့တွင် ၁၄၄ နာရီကြာ ဗီဇာကင်းလွတ် ဝင်ရောက်ခွင့်ကို ဇန်နဝါရီ ၃၀ ရက်မှစတင်ကာ ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းမူဝါဒသစ်အရ အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ဗြိတိန်၊ ဩစတြေးလျ၊ ပြင်သစ်နှင့်ဂျပန်တို့မှ ခရီးသည်များအပါအဝင် နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ခရီးသည်များအားခွင့်ပြုသွားမည်ဖြစ်သည်။ အဆိုပါ ၁၄၄နာရီကြာ ဗီဇာကင်းလွတ်ဝင်ရောက်ခွင့်တွင် ယန်စီမြစ်ဝကျွန်းပေါ်ဒေသ၊ ရှန်ဟိုင်းရှိ လေဆိပ်၊ သင်္ဘောဆိပ်နှင့်ဘူတာရုံများ၊ ကျန်းစူးပြည်နယ်ရှိ နန်ကျင်းလူကော အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဇင်ကျန်းပြည်နယ်ရှိ ဟန်ကျိုးစိုင်ရှန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့ကို လည်ပတ်ခွင့်ပေးထားပြီး ယင်းလေဆိပ်များမှတစ်ဆင့် ၁၄၄ နာရီအတွင်း တတိယကမ္ဘာနိုင်ငံများသို့ သွားရောက်ရန် ဗီဇာထုတ်ပေးခြင်းနှင့် လေယာဉ်လက်မှတ်ရရှိရန်စီစဉ်ပေးခြင်းတို့ ပါဝင်သည်။ ရှန်ဟိုင်း၊ ဇီကျန်းပြည်နယ်၏မြို့တော်ဟန်ကျိုးနှင့် ကျန်းစူးပြည်နယ်၏ မြို့တော်နန်ကျင်းတို့တွင် ၇၂နာရီကြာ ဗီဇာကင်းလွတ်ဝင်ရောက်ခွင့်ကို ၂၀၁၃ခုနှစ်ကတည်းက စတင်ခွင့်ပြုခဲ့သည်။ ယခင်ကချမှတ်ထားသော မူဝါဒအဟောင်းများတွင် ခရီးတစ်ထောက်နားခရီးသည်များအား အဆိုပါမြို့ သုံးမြို့ရှိ လေဆိပ်များတွင် ဝင်ရောက်ခွင့်ပြုခဲ့သော်လည်း မြို့တွင်းသို့ သွားရောက်လည်ပတ်ခွင့်ကို ပိတ်ပင်ထားသည်။ **(ဆင်ဟွာ)**

# တိမ်းမှောက်ရေယာဉ်ကို မလေးရှားအာဏာပိုင်များ ရှာဖွေ

**ကွာလာလမ်ပူ ဇန်နဝါရီ ၂၆**

ဂျိုဟောပြည်နယ် တောင်ဘက်ပိုင်းကမ်းခြေတွင် လူသေအလောင်း ၁၃ လောင်း မျောပါလာခဲ့ပြီးနောက် မလေးရှားအာဏာပိုင်များက ရေယာဉ် တိမ်းမှောက်မှုကို ရှာဖွေမှုများ အင်္ဂါနေ့ကပြုလုပ်ခဲ့သည်။ အဆိုပါရေယာဉ်ပေါ်တွင် ခရီးသည် ၃၅ ဦး လိုက်ပါစီးနင်းလာခဲ့သည်။

အင်္ဂါနေ့အစောပိုင်းက ရဲများသည် ဘန်ဒါပီနဝါမြို့အနီးကမ်းခြေတွင် လူသေအလောင်းများကို တွေ့ရှိခဲ့သည်။

ခရိုင်ရဲဌာနအကြီးအကဲက အဆိုပါ ရေယာဉ်သည် အင်ဒိုနီးရှားဘက်မှ ထွက်ခွာလာကြောင်း တရားမဝင်ရွှေ့ပြောင်းလုပ်သားများ သယ်ဆောင်လာကြောင်း ရေယာဉ်ပေါ်တွင် လူ ၃၅ ဦးအထိ လိုက်ပါလာခဲ့ကြောင်း ပြောသည်။

ကြီးမားသည့်လှိုင်းများရိုက်ခတ်မှုကြောင့် ရေယာဉ်တိမ်းမှောက်ရခြင်းဖြစ်ကြောင်း ဂျကာတာရှိ အာဏာပိုင်များက ပြောသည်။

သေဆုံးသူ ၁၃ ဦးတွင် အင်ဒိုနီးရှားနိုင်ငံမှ အသိအမှတ်ပြုကတ်ပြားများ ပါဝင်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။

**(ရှင်ဟွာ)**

# အီရန်သမ္မတ ဥရောပသို့ သွားရောက်

**ရောမ ဇန်နဝါရီ ၂၆**

အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီသည် ဥရောပသို့သွားရောက်သည့် ခရီးစဉ်အတွင်း အီတလီနှင့် ဒေါ်လာသန်း ထောင်ပေါင်းများစွာ တန်ဖိုးရှိသည့် စီးပွားရေး သဘောတူစာချုပ်ကို တနင်္လာနေ့က လက်မှတ်ရေးထိုးခဲ့သည်။

အီရန်နိုင်ငံသည် နှစ်ပေါင်းများစွာ စီးပွားရေးပိတ်ဆို့မှုများခံရပြီးနောက် အနောက်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြန်လည် ဆောင်ရွက်ရန် ရည်ရွယ်ထားသည်။ အီရန်သမ္မတသည် ရောမမြို့၌ နှစ်ရက်တာနေထိုင်မည်ဖြစ်ပြီး ပြင်သစ်နိုင်ငံသို့ ဗုဒ္ဓဟူးနေ့တွင် သွားရောက်မည်ဖြစ်သည်။ အရှေ့အလယ်ပိုင်းတွင် နိုင်ငံရေးပဋိပက္ခများ ရှုပ်ထွေးနေသည့်အချိန်၌ အီရန်နိုင်ငံ၏ သံတမန်ဆက်ဆံရေးကို တိုးမြှင့်ရန် ရည်မှန်းထားသည်။



စွမ်းအင်ထုတ်လုပ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများ၊ သင်္ဘောတည်ဆောက်ရာတွင် အသုံးပြုသည့် သံမဏိလုပ်ငန်းအစရှိသည့် စီးပွားရေးကဏ္ဍများတွင် အီတလီနိုင်ငံအနေဖြင့် ယူရို ၁၇ ဘီလီယံတန် စာချုပ်တွင် လက်မှတ်ရေးထိုးမည်ဟု အီတလီအစိုးရပိုင် သတင်းအရင်းအမြစ်တစ်ခုအရ သိရသည်။

ယခုပူးပေါင်းဆောင်ရွက်မှုသည် အစပျိုးခြင်းဖြစ်ကြောင်း၊ နောက်ပိုင်းတွင် အတူပူးပေါင်းဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများစွာရှိကြောင်း အီတလီဝန်ကြီးချုပ်က ပြောသည်။ **(ရှင်ဟွာ)**

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေး (၁/၂၀၁၆) ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union) အစည်းအဝေး (၁/၂၀၁၆) ကို ဇန်နဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာ အဖွဲ့အတွင်းရေးမှူး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာက မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက် (မူကြမ်း)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး (၃/၂၀၁၅) အစည်းအဝေးဆုံးဖြတ်ချက်များအပါအဝင် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်ကို အတည်ပြုပြီး တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက အထွေထွေဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**(မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်အမှတ်(၁/၂၀၁၆)ကို သီးခြားဖော်ပြထားပါသည်။)** (သတင်းစဉ်)

# မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ကြေညာချက်အမှတ် (၁/၂၀၁၆) ထုတ်ပြန်ကြေညာ

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့
## ပြည်ထောင်စုလွှတ်တော်ရုံး
## ထုတ်ပြန်ကြေညာချက်အမှတ် (၁/၂၀၁၆)
## ၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
## (၂၀၁၆ ခုနှစ်၊ဇန်နဝါရီလ ၂၅ ရက်)

## မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လွှတ်တော်အသီးသီး၏လုပ်ငန်း ဆောင်ရွက်မှုနည်းလမ်းများမှန်ကန်ခိုင်မာပြီး အရည်အသွေးမြင့်မားတိုးတက်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအားလုံးတွင် ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေး စနစ်ကို ညီညွတ်မျှတစွာ တိုးတက်ရရှိစေမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်စေရန်ရည်ရွယ်ချက်ဖြင့် မြန်မာ နိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union-MPU) ကိုဖွဲ့စည်းရန် ၁၆-၃-၂၀၁၂ ရက်တွင် ကျင်းပပြုလုပ်သော ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်တတိယပုံမှန်အစည်းအဝေး(၂၀) ရက်မြောက်နေ့တွင် အတည်ပြုခဲ့ပြီး လွှတ်တော်ရုံး၏ ၂၂-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ဖွဲ့စည်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းမှုနှင့်စပ်လျဉ်း၍ ပိုမိုခိုင်မာမှုရှိစေရန် ပြည်ထောင်စုလွှတ်တော် ဆိုင်ရာဥပဒေပုဒ်မ ၈၄-ခ ဖြင့် ဖြည့်စွက်ပြင်ဆင်ပြဋ္ဌာန်း၍လည်းကောင်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၆-၁-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅) ဖြင့် ထုတ်ပြန်၍လည်းကောင်း အဖွဲ့ဝင်လွှတ်တော်အသီးသီးနှင့် ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။

၃။ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့အစည်းအဝေးများကို ၂၀၁၂ ခုနှစ်တွင် ၂ ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် ၃ ကြိမ်၊ ၂၀၁၄ ခုနှစ်တွင် ၆ ကြိမ်နှင့် ၂၀၁၅ ခုနှစ်တွင် ၃ ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး လွှတ်တော်အသီးသီး၏ ဥပဒေပြုရေး မဏ္ဍိုင်တစ်ရပ်အနေဖြင့် ခိုင်မာစွာရပ်တည်၍ နိုင်ငံတော်နှင့်ပြည်သူများ အကျိုးစီးပွားကာကွယ်ဖြစ်ထွန်းစေမည့် ဥပဒေများပြဋ္ဌာန်းနိုင်ရေးနှင့် လွှတ်တော်အသီးသီး၏အရည်အသွေးပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ထိုက်သင့်သည့် အောင်မြင် တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်သကဲ့သို့ နောင်ဖြစ်ပေါ်လာမည့် ဒုတိယအကြိမ် လွှတ်တော်အသီးသီး အနေဖြင့်လည်း မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့၏ ကောင်းမြတ်သည့်အစဉ်အလာများကို ဆက်လက်ထိန်းသိမ်း ပူးပေါင်းဆောင်ရွက်နိုင်ပါရန် တိုက်တွန်းကြောင်း ထုတ်ပြန်အပ်ပါသည်။

သူရရွှေမန်း
နာယက၊ပြည်ထောင်စုလွှတ်တော်
နှင့်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

နန္ဒကျော်စွာ
ဒုတိယနာယက၊ပြည်ထောင်စုလွှတ်တော်
နှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်

မြသိမ်း
ဒုတိယဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ရှားဝမ်ဂျို
ဥက္ကဋ္ဌ
ကချင်ပြည်နယ်လွှတ်တော်

ကျော်ဆွေ
ဥက္ကဋ္ဌ
ကယားပြည်နယ်လွှတ်တော်

စောအေဒွာန်ကျော်မင်း
ဥက္ကဋ္ဌ
ကရင်ပြည်နယ်လွှတ်တော်

ဟောဘ်ခင်ခမ်း
ဥက္ကဋ္ဌ
ချင်းပြည်နယ်လွှတ်တော်

သင်းလှိုင်
ဥက္ကဋ္ဌ
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ထင်အောင်ကျော်
ဥက္ကဋ္ဌ
တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

ဝင်းတင်
ဥက္ကဋ္ဌ
ပဲခူးတိုင်းဒေသကြီးလွှတ်တော်

ရဲမြင့်
ဥက္ကဋ္ဌ
မကွေးတိုင်းဒေသကြီးလွှတ်တော်

ဝင်းမောင်
ဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးလွှတ်တော်

ကျင်ဖေ
ဥက္ကဋ္ဌ
မွန်ပြည်နယ်လွှတ်တော်

ထိန်လင်း
ဥက္ကဋ္ဌ
ရခိုင်ပြည်နယ်လွှတ်တော်

စိန်တင်ဝင်း
ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

စိုင်းလုံးဆိုင်
ဥက္ကဋ္ဌ
ရှမ်းပြည်နယ်လွှတ်တော်

တင်စိုး
ဥက္ကဋ္ဌ
ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် ဖြတ်တောက်ခြင်းကို ကင်းလွတ်ခွင့်ပြုရန်ကိစ္စ သီးခြားဆွေးနွေးဆောင်ရွက်သင့်ကြောင်း ရှင်းလင်းတင်ပြ

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ (၁)နာရီခွဲတွင် ကျင်းပရာ **(ယာပုံ) ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၂/၂၀၁၆)** အပါအဝင် **အစီရင်ခံစာ (၆)ခု**အား ဆွေးနွေးခြင်း၊ ဖတ်ကြားအတည်ပြုခြင်းနှင့် လွှတ်တော်က **မှတ်တမ်းတင်ခြင်း**တို့ကို ဆောင်ရွက်ကြသည်။



အစည်းအဝေးတွင် နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သည့် **ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် ရပ်ကွက် (၅)ရပ်ကွက်ပါဝင်သော အင်းမမြို့ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု တစ်အုပ်စုနှင့် ကျေးရွာ ၁၆ ရွာ ပယ်ဖျက်ခြင်း၊ ကျေးရွာအုပ်စုတစ်အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာအုပ်စု တစ်အုပ်စု နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း**တို့ကို လွှတ်တော်က **မှတ်တမ်းတင်ကြောင်း** ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် စပ်လျဉ်းသည့် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၂/၂၀၁၆)**နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ဦးမျိုးမြင့်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်**က အမိန့်ကြော်ငြာစာအရ Withholding Tax ဖြတ်တောက်ပေးသွင်းခြင်းမှာ ကြိုတင်ဝင်ငွေခွန်ပေးသွင်းခြင်းဖြစ်ပြီး အခွန်ပေးဆောင်ထားသူများအနေဖြင့် အပြီးသတ်စည်းကြပ်မှု ခံယူရာတွင် ကြိုတင်ခွန်ပိုမိုပေးသွင်းထားခြင်းဖြစ်ပါက ခုနှိမ်နိုင်ပြီး ပိုငွေကို ပြန်အမ်းငွေအဖြစ် ရရှိမည်ဖြစ်ပါကြောင်း၊ လျော့နည်းပေးသွင်းထားခြင်းဖြစ်ပါက ထပ်မံပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းများတွင် အဖွဲ့အစည်းမှ ကိုယ်တိုင်ဆောင်ရွက်ခြင်းဖြစ်ပါက Withholding Tax ပေးဆောင်ရန်မလိုအပ်ဘဲ ပစ္စည်းဝယ်ယူခြင်းများအပေါ် သုံးသိန်းကျော်လွန်ပါက ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ဖြတ်တောက်ပေးသွင်းရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကိုယ်တိုင်ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကန်ထရိုက်တာ၊ ထပ်ဆင့်ကန်ထရိုက်တာများဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်ပါက ၎င်းတို့အား ပေးချေငွေအပေါ် ကြိုတင်ဝင်ငွေခွန် ဖြတ်တောက်ပေးသွင်းရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ပြင်ပပုဂ္ဂလိကများထံမှ ပစ္စည်းဝယ်ယူခြင်းများအတွက် ငွေကျပ် သုံးသိန်းအထက် ပေးချေငွေများကို တည်ဆဲဝင်ငွေခွန်ဥပဒေနှင့် အမိန့်ကြော်ငြာစာများအရ Withholding Tax ဖြတ်တောက်ပေးဆောင်ရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် မြို့နယ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲ၊ ကန့်သတ်ချက်များကို ဝိုင်းဝန်းပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန်ပေးဆောင်ရာတွင် လတ်တလော ကြုံတွေ့နေရသည့် အခက်အခဲ၊ ကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်တွင်းအခွန်ဦးစီးဌာနက ပူးပေါင်းဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများအပေါ် ၂ ရာခိုင်နှုန်း ကြိုတင်ဝင်ငွေခွန် ဖြတ်တောက်ခြင်းကို ကင်းလွတ်ခွင့်ပြုရန်ကိစ္စမှာ အခြားသော ပုဂ္ဂလိက၊ အဖွဲ့အစည်း၊ ဌာနများ၏ ကြိုတင်ဝင်ငွေခွန်ဖြတ်တောက်ပေးသွင်းစေခြင်းတို့နှင့်ဆက်စပ်နေသည့်အတွက် သီးခြားပြန်လည်ဆွေးနွေးဆုံးဖြတ် ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမျိုးမြင့်**က စာရင်းစစ်များသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းမှ ကိစ္စအလိုက် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးရသူများ ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံး လုပ်နည်းများနှင့်မညီသော ကိစ္စများကို နားလည်မှုနှင့် ဖြေလျှော့မျက်ကွယ်ပြု၍ မရပါကြောင်း၊ ပကတိ အခြေအနေဖြစ်ရပ်ကို စစ်ဆေး၍ တင်ပြရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၂/၂၀၁၆)**ကို အတည်ပြုကြောင်း ပြည်ထောင်စုလွှတ်တော် နာယကက ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် **မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီတွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော် နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်အတည်ပြုပြီးသည့် အမှန်စာရင်း(Actual)များနှင့်စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ အစီရင်ခံစာ(၅/၂၀၁၆)**ကို ပူးပေါင်းကော်မတီအဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက ဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်နာယကက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လ စာရင်းများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များနှင့် အရေးယူဆောင်ရွက်ပြီးစီးမှုများ အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၃/၂၀၁၆)**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးက ပါဝင်ဆွေးနွေးကြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်နာယကက **ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၃/၂၀၁၆)** ကို အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **ပထမအကြိမ် လွှတ်တော်သက်တမ်းကာလအတွင်း ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သုံးသပ်အကြံပြုချက်အစီရင်ခံစာ**ကို ပူးပေါင်းကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာ စိုင်းဆိုင်ကျော်ဆမ်က ဖတ်ကြားတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပေးပို့သော **၂၀၁၄ - ၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ နိုင်ငံတော်၏ အရအသုံးစာရင်းများနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ အပေါ် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၄/၂၀၁၆)**နှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်က ဆွေးနွေးသည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ကို ဇန်နဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် ပိုလ်ရာညွန့်လမ်းကို ဇန်နဝါရီလအတွင်း ပြန်လည်ဖွင့်လှစ် ဖြတ်သန်းသွားလာခွင့်ပြုမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ မေးခွန်းတစ်ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခုကို ဆွေးနွေး၍ အဆုံးအဖြတ်ရယူခြင်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စု လွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် အဆိုတင်သွင်းခြင်းနှင့် အဆုံးအဖြတ်ရယူခြင်း၊ ကော်မတီ ၁၂ ခုတို့မှ ကော်မတီများအလိုက် သုံးသပ်တင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်



ဒုတိယဝန်ကြီး
ဗိုလ်မှူးချုပ်အောင်သော်



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ဒေါ်ခွဲဘု

ဦးနန္ဒကျော်စွာ၏ **“ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် အများပြည်သူသွားလာနေသည့် လမ်းမကြီးအား ဝိတ်ဆို့ထားသော Myanmar Mobile Money Services သည် မည်သည့်အခွင့်အာဏာအရ ဝိတ်ဆို့ထားသည်ကို သိလိုခြင်း၊ အများပြည်သူများ ဖြတ်သန်းသွားလာရန် ခွင့်မပြုဘဲ ဌာနဆိုင်ရာယာဉ်များသာ**

*စာမျက်နှာ ၉ ကော်လံ ၄ သို့*

# ပြည်ထောင်စုဝန်ကြီးဌာနပြင်ဆင်ဖွဲ့စည်းရေးကိစ္စနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်ဖွဲ့စည်းရေးကိစ္စနှင့် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေကြမ်းတို့နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးသို့ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ဒုတိယဥက္ကဋ္ဌ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်တွင်းနိုင်ငံရေးပါတီ(၁၆)ပါတီမှ ကိုယ်စားလှယ်များနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးဇော်ထူး ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၆၄ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နိုင်ဌေး(အင်းတော်မဲဆန္ဒနယ်)၏မိသားစုဝင်သုံးဦး၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတွင် တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အသစ် ၄၅ ဦး စုစုပေါင်း ၁၁၂ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုသည်။

**(သတင်းစဉ်)**

* ရွှေဖုံးမှ

ယခုအခါ ဘုရားဖူးများအနေဖြင့် ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ရင်ပြင်တော်ပေါ်သို့ တောင်ခြေမှ ခုနစ်မိုင်ခွဲခန့်ဝေးသည့် တောလမ်းအတိုင်း ခြေကျင်သွားရောက်နိုင်သကဲ့သို့ ကင်မွန်းစခန်းမှ မော်တော်ယာဉ်များစီးနင်းပြီး နာရီပိုင်းအတွင်း တက်ရောက်ဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်သည်။

မြန်မာနိုင်ငံရှိ တန်ခိုးကြီးဘုရားစေတီများအနက် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၆၀၀ ခန့်တွင် တည်ထားသည့် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီးသည် တည်ထားပုံ ထူးခြားဆန်းကြယ်ခြင်း၊ တောတောင် သဘာဝလှပခြင်းတို့အပြင် နားခိုနိုင်သည့် စခန်းများ လမ်းခရီးတစ်လျှောက်တွင် ရှိနေခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ နှစ်စဉ်များပြားလျက်ရှိသည်။

ကျိုက်ထီးရိုး စေတီတော်သို့ ဘုရားဖူးခရီးသည်များ နေ့စဉ်များပြားမှုကြောင့် အခမဲ့နားနေဆောင်များ မလုံလောက်မှု၊ တည်းခိုခန်းနှင့် ဟိုတယ်ခန်းခများ ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် တည်းခိုနားနေရန် အခက်အခဲများ ကြုံတွေ့နေရကြောင်း ဘုရားဖူးခရီးသည်များထံမှ သိရသည်။

"တည်းခိုခန်းခက ရိုးရိုးလေး ဟိုတယ်ဆို နှစ်ယောက်ခန်းက တစ်သိန်း၊ တိဿဆောင်ဆို ခုနစ်သောင်းခွဲ၊ အောက်ထပ်ထမင်းဆိုင်တွေကလည်း ငှားတာပဲ။ လူပါးတဲ့အချိန်သိပ်မပေးရပေမယ့် ဒီဇင်ဘာ ခရစ္စမတ်တို့၊ နှစ်သစ်ကူးညနဲ့ အခါကြီး၊ ရက်ကြီးတွေဆို ခြောက်သောင်း၊ ခုနစ်သောင်းပေးရတယ်။ ရင်ပြင်တော်မှာ အခမဲ့ဆိုလို့ ဆီမီးကိုးထောင်အဆောင်ပဲရှိတယ်။

ရင်ပြင်တော် အောက်ဘက်မှာ ပြည့်စုံမွှာရုံရှိတယ်။ ကျန်တဲ့နေရာတွေမှာ အခမဲ့ဆိုတာမရှိဘူး။ အခန်းမရတော့ဘူးဆိုရင်တော့ ရင်ပြင်တော်ပေါ်မှာပဲ ဖြစ်သလိုတည်းခိုကြရတယ်"ဟု ရန်ကုန်မှလာသည့် ဘုရားဖူးခရီးသည် မနိုင်က ပြောသည်။

ရင်ပြင်တော်ပေါ်တွင် ရှိသော ပြည့်စုံမွှာရုံနှင့် တိဿဆောင်၏ အောက်ထပ်ကို စီးပွားရေးလုပ်ငန်းရှင်တစ်ဦးထံ စာချုပ်ဖြင့် ငှားရမ်းထားပြီး အပေါ်ထပ်တွင် ဘုရားဖူးပြည်သူများအတွက် အခမဲ့တည်းခိုခွင့်ပြုထားသည်ဟု ဂေါပကအဖွဲ့ကဆိုသော်လည်း အထူးဧည့်သည်များမှလွဲ၍ အခြားဘုရားဖူးများမှာ အခမဲ့တည်းခိုခွင့်မရရှိကြကြောင်း သွားလာဖူးသူများအား မေးမြန်းချက်များအရ သိရသည်။

ယခင်က ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာနားနေနိုင်မည့် ဆီမီးကိုးထောင်မွှာရုံ၊ ရွှေနန်းကျင်မွှာရုံ၊ ထောက်လှမ်းရေးမွှာရုံနှင့် တိဿဆောင်အစရှိသည့် အခမဲ့မွှာရုံများ၊ ဇရပ်များရှိခဲ့သော်လည်း ယခုအခါ မွှာရုံနှင့် ဇရပ်အချို့မှာ စီးပွားရေးအကွက်မြင်သူများအတွက် ဈေးကွက်နေရာများ ဖြစ်လာခဲ့သည်။

ထို့ပြင် ရိုးရိုးလေးဆိုသည့်အဖွဲ့က ၁၉၉၄ ခုနှစ်တွင် မြေနေရာဝယ်ယူခဲ့ပြီး ရိုးရိုးလေးအမည်ဖြင့် ဟိုတယ်တစ်လုံး ဆောက်လုပ်ခဲ့သည့်အပြင် ၂၀၀၁ ခုနှစ်တွင် ရွှေနန်းကျင်မွှာရုံကိုလည်းကောင်း၊ ၂၀၀၄ ခုနှစ်နောက်ပိုင်းတွင် ထောက်လှမ်းရေးမွှာရုံကိုလည်းကောင်း လွှဲပြောင်းရယူကာ ရိုးရိုးလေး(၁)၊ (၂)၊ (၃) ဟူသော အမည်များဖြင့် ဟိုတယ်တစ်လုံးနှင့် တည်းခိုခန်းနှစ်လုံး ဖွင့်လှစ်ထားကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းတစ်ခုလျှင် ငွေကျပ်သိန်း ၂၀၀ နှုန်းဖြင့် နှစ်စဉ်ကျပ်သိန်း ၆၀၀ ကို ဂေါပကအဖွဲ့သို့ပေးသွင်းနေပြီး ၎င်းလုပ်ငန်းသုံးခုကို နှစ် ၃၀ နှစ်ရှည် ငှားရမ်းလုပ်ကိုင်ခွင့်ရရှိထားကြောင်း သိရသည်။

"၂၀၀၄ ခုနှစ် မီးလောင်တုန်းက ပါသွားတဲ့သူတွေကို မှုမှုတတ ပြန်ပေးခဲ့တာပါ။ သူတို့ကို စာချုပ်နဲ့ ခွင့်ပြုပေးထားတာပါ။ အရင်ကတည်းက ဂေါပကပိုင် မွှာရုံတွေပါ။ ထောက်လှမ်းရေးပိုင် မွှာရုံကတော့ ထောက်လှမ်းရေးအဖွဲ့ မရှိတော့တဲ့အခါမှာ ပြည်နယ်အစိုးရက လွှဲယူပြီး ရိုးရိုးလေးကို လုပ်ပိုင်ခွင့်ပေးခဲ့တာပါ။ အဲဒီနောက်မှာမှ ဂေါပကကို ပြန်လွှဲပေးခဲ့တာပါ။ အရင်အုပ်ချုပ်ရေးအဖွဲ့တွေ ချုပ်ဆိုခဲ့တဲ့ စာချုပ်တွေပေါ့။ မူလလူဟောင်းတွေ ဖြစ်တာကြောင့် တစ်နှစ်ကို ဆယ်ရာခိုင်နှုန်းစီ တိုးပြီးကောက်ခံပါတယ်။ အဲဒီငွေတွေကို ဂေါပကအဖွဲ့ကို ပေးသွင်းပါတယ်"ဟု ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဌေးဝင်းက ဆိုသည်။

ရိုးရိုးလေး(၂) တည်းခိုခန်းကို ဟိုတယ်အဖြစ် ပြောင်းလဲဖွင့်လှစ်ထားသော်လည်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိသေးကြောင်း သိရသည်။

"ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်မှာ ဟိုတယ်နဲ့ ခရီးသွားလာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်နဲ့ ဟိုတယ်က သုံးလုံးရှိတယ်။ ကျိုက်ထိုဟိုတယ်၊ မောင်တိန်းတော့ပ်နဲ့ ရိုးရိုးလေး(၃) ဖြစ်ပါတယ်။

"ရိုးရိုးလေး(၁)က စည်ပင်လိုင်စင်နဲ့ တည်းခိုခန်းပါ။ ရိုးရိုးလေး(၂)လည်း အရင်တုန်းက စည်ပင်လိုင်စင်နဲ့ပါ။ အခုပြုပြင်ပြီး ဟိုတယ်လုပ်ထားပေမယ့် ဟိုတယ်လိုင်စင်တော့ ယူမထားသေးပါဘူး။ မှတ်ပုံတင်ဖို့တော့ ညွှန်ကြားထားတယ်။ ရင်ပြင်တော်ပေါ်မှာ ဖွင့်ထားတဲ့ အခြား တည်းခိုခန်းတွေကလည်း စည်ပင်လိုင်စင်နဲ့ ဆောင်ရွက်နေတာပါ"ဟုကျိုက်ထိုမြို့နယ် ဟိုတယ်နှင့် ခရီးသွားလာရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းနုက ပြောသည်။

မြည်တွင်း ပြည်ပ ခရီးသွားများ အဆင်ပြေစွာ တည်းခိုနိုင်ရန် ကျိုက်ထီးရိုးစေတီတော် ရင်ပြင်တော်ပေါ်တွင် ဟိုတယ်သုံးလုံး၊ ရသေ့တောင်တွင်ဟိုတယ်တစ်လုံး၊ ကင်မွန်းချောင်းတွင် ဟိုတယ်လေးလုံး၊ ကျိုက်ထိုမြို့ပေါ်နှင့် ၎င်းမှ ကျိုက်ထီးရိုးသွားရာ လမ်းမပေါ်တွင် ဟိုတယ်တစ်လုံးစီရှိပြီး ကျိုက်ထိုတစ်မြို့နယ်လုံးတွင် စုစုပေါင်း ဟိုတယ် ၁၀ လုံး ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"ဟိုတယ်တွေက လိုင်စင်မရှိဘဲ ဖွင့်ခွင့်မရှိပါဘူး။ တည်းခိုခန်းဆိုလည်း တည်းခိုခန်းအလျောက်ပေါ့။ ဆောက်လုပ်ခွင့်ပါမစ်က မွန်ပြည်နယ်အစိုးရနဲ့ ဂေါပကအဖွဲ့ပေါ်မှာ မူတည်ပါတယ်။ ကျိုက်ထီးရိုးတောင်ပေါ်မှာ အဆောက်အအုံတွေ တိုးချဲ့တာ၊ ဈေးသည်တွေ၊ ဈေးဆိုင်တွေ၊ ဟိုတယ်တွေကို ဂေါပကအဖွဲ့နဲ့ ပြည်နယ်အစိုးရ ခွင့်ပြုချက်နဲ့ပဲ လုပ်တာပါ"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျိုက်ထီးရိုး စေတီတော်တွင် ရင်ပြင်တော်စခန်း၊ ကင်မွန်းစခန်း၊ ရသေ့တောင်စခန်း၊ ရေမြောင်ကြီးစခန်းတို့ရှိ နတ်ကွန်း၊ နတ်နန်း ၁၉ ခု၊ ဈေးဆိုင် ၁၉၆ ဆိုင်၊ စာချုပ်ဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်း ၁၂ ခုနှင့် ကြားစခန်းများမှ လေလံပြင်ပဆိုင် ၅၀၂ ဆိုင်ရှိကြောင်း ဂေါပကအဖွဲ့မှ သိရှိရပြီး ၎င်းလေလံဆိုင်ခန်းများကို လူဟောင်း ဦးစားပေးစနစ်ဖြင့် ၂၀၀၄ ခုနှစ်မှစ၍ ငှားရမ်းခဲ့ရာတွင် လေလံတစ်ဆိုင်ကို တစ်နှစ်လျှင် ဆယ်သိန်းမှ သိန်းတစ်ရာကျော်အထိ ရှိကြောင်း၊ လေလံပြင်ပဆိုင်ခန်းများမှာ အနိမ့်ဆုံးသုံးသောင်းမှ ခုနစ်သောင်းဝန်းကျင်အထိ ဂေါပကအဖွဲ့သို့ နှစ်စဉ် ငှားရမ်းခပေးဆောင်ရကြောင်း ဆိုင်ခန်းပိုင်ရှင်များထံမှ သိရသည်။

"ဆိုင်ကြီး၊ ဆိုင်သေးနဲ့ ရောင်းချတဲ့ ကုန်ပစ္စည်းတွေအပေါ် မူတည်ပြီး ဈေးကွာတယ်။ လေလံဆိုင်တွေက သတ်မှတ်ထားတာပဲ ရောင်းချခွင့်ရှိတယ်။ လေလံပြင်ပဆိုင်တွေကတော့ ရောင်းချင်တာ ရောင်းလို့ရတယ်။ လေလံရော၊ လေလံပြင်ပဆိုင်တွေရော အားလုံးက ဘုရားအလှူငွေကို ဂေါပကထံ ပေးသွင်းရတယ်။ နှစ်စဉ် ရာခိုင်နှုန်းအလိုက် တိုးပြီးပေးရတယ်။ ဥပမာ- ပြီးခဲ့တဲ့နှစ်က ၁၀ သိန်းဆိုရင် အခု ၁၀ သိန်းနဲ့ တစ်သောင်း အဲဒီလိုမျိုးပေါ့"ဟု နှစ်နှစ်ဆယ်နီးပါး ကျိုက်ထီးရိုးတောင်ပေါ်တွင် ဈေးရောင်းနေသူ ကိုမိုးကျော်က ရှင်းပြသည်။

တည်းခိုရန် နေရာမလုံလောက်မှု၊ ဈေးနှုန်းကြီးမြင့်မှုများအပြင် ကျိုက်ထီးရိုးစေတီသွားရာ လမ်းတစ်လျှောက်နှင့် ဘုရားဝန်းကျင်မှ နတ်ကွန်း၊ နတ်နန်းများတွင် အတင်းအဓမ္မ အလှူခံနေမှုများကလည်း ဘုရားဖူးများအတွက် စိတ်အနှောင့်အယှက်ဖြစ်ကြရသည်။

"အလှူခံတွေက နေရာအနှံ့ပဲ။ ရသေ့တောင်နဲ့ ကျောက်ထပ်ကြီးဘက်ဆို အလှူခံတွေက မလွှတ်ဘူး။ ကျိုက်ထီးရိုး လေးဘက်ဆိုလည်း အတင်းဝင်ဖူးခိုင်းတာ၊ အထဲရောက်လို့ ဦးချရုံရှိသေးတယ်။ ရွှေဆိုင်းကပ်ဆိုပြီး အတင်းထိုးပေးတာ၊ ရွှေဆိုင်းတစ်ဆိုင်းကို တစ်ထောင့်ငါးရာ၊ နှစ်ထောင်ပေးရတယ်။ ဖားဘုရား၊ ငါးဘုရားဘက်ဆို လမ်းဆုံလေးမှာ နာဂစ်တုန်းက လေတိုက်လို့ပြိုကျသွားတဲ့ စိန်ဖူးတော်မြေခနေတဲ့ ဘုရားအတွက် အလှူခံနေတာက နောက်နှစ်လာလည်း ဒီအတိုင်းပါပဲ"ဟု မန္တလေးမှလာသည့် ဒေါ်ခင်ရွှေက ပြောသည်။

ထို့အတူ ပဲခူးသနပ်ပင်မြို့မှ ဘုရားဖူးလာသည့် ဦးကျော်သက်ကလည်း "ကြားတာကတော့ ဒီမှာရှိတဲ့ လုပ်ငန်းတွေအားလုံးကို တန်ထရိုက်ပေးထားတာတဲ့။ ကိုယ့်ရဲ့ စေတနာနဲ့ သဒ္ဓါတရားနဲ့ လှူချင်မှလှူမှာပေါ့။ ကားလမ်းမှာဆိုလည်း တောင်ပေါ်စတက်ကတည်းက တောင်တက်ကားလမ်းပြုပြင်ဖို့ဆိုပြီး အလှူခံနေတာတွေရှိတယ်"ဟု ပြောသည်။

ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့မှ စေတီ၊ ပုထိုး၊ နတ်ကွန်း၊ နတ်နန်းနှင့် အလှူခံဌာနများတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများ သတ်မှတ်ထားပြီး မလိုက်နာပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူမည်ဟု ထုတ်ပြန်ထားသော်လည်း အလှူခံဌာနများက လိုက်နာမှုမရှိကြဘဲ အဓမ္မအလှူခံမှုများ ရှိနေမြဲဖြစ်ကြောင်း ဘုရားဖူးများထံမှ သိရသည်။

"အထူးသဖြင့် နာမည်ပျက်နေတာ အလှူခံကိစ္စပေါ့။ ဘုရားပေါ်မှာ တန်ထရိုက်ယူပြီ ဆိုကတည်းက စီးပွားရေးလုပ်တာ၊ စီးပွားရေးသမားဆိုတော့ စီးပွားရေးဆန်ဆန် လုပ်တာပေါ့။ အလှူငွေနဲ့ပတ်သက်ပြီး ထွက်နေတဲ့သတင်းတွေက ဟုတ်နေတယ်။ တိုင်စာတွေလည်း တက်လာတယ်။ ဒါတွေကို စစ်ဆေးအရေးယူမှုတွေ လုပ်နေတယ်။ ဘုရားဖူးများတဲ့အခါ ကြီးကြပ်မှုအပိုင်းကလည်း တချို့နေရာတွေအထိ မရောက်နိုင်တော့ အားနည်းမှုရှိတယ်"ဟု ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ပြောသည်။

ထို့ကဲ့သို့ အလှူငွေများ အတင်းအကျပ် ကောက်ခံနေခြင်းနှင့် ပတ်သက်ပြီး ဒေသခံတစ်ဦးဖြစ်သူ ကိုမိုးကျော်က "စေတီပုထိုးတွေ၊ နတ်ကွန်းနတ်နန်းတွေ ပြုပြင်ဖို့ဆိုတာ ငွေရှိမှလေ။ လေလံသမားက သိန်း ၅၀ အထက်နဲ့ နတ်ကွန်းတစ်ခုကို လေလံဆွဲထားတယ်ဆိုပါတော့။ အဲဒီငွေကျေအောင် လာသမျှ ဘုရားဖူးတွေဆီက ဓားပြတိုက်သလို အတင်းအလှူခံတော့တာပဲ။ အဲဒီမှာပြဿနာတွေဖြစ်တော့တာ"ဟု ပြောသည်။

၂၀၁၄-၂၀၁၅ ခုနှစ် ဘုရားပွဲတော်ကာလတစ်ရာသီမှာပင် ရင်ပြင်တော်စခန်း၊ ကင်မွန်းစခန်း၊ ရသေ့တောင်စခန်း၊ ရေမြောင်ကြီးစခန်းတို့ရှိ စေတီပုထိုးများနှင့် နတ်ကွန်းများ၊ အလှူခံဌာနများမှ ရငွေများနှင့် စာချုပ်လုပ်ငန်း ၁၂ ခုတို့မှ ငွေကျပ်သိန်းပေါင်း ခုနစ်ထောင်ကျော် ရရှိကြောင်း၊ ၎င်းတွင် လေလံဆိုင်ခန်း ၅၀၂ ခန်းမှ ရငွေများ မပါဝင်သေးကြောင်း၊ ကျိုက်ထီးရိုးစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ဘဏ္ဍာရေးရှင်းတမ်းအရ စာရင်းပိတ်လက်ကျန်ငွေမှာငွေကျပ် ၁၃၉၉၇၈၆၇၈၁ ဒသမ ၉၀ ကျပ် (သိန်းပေါင်း တစ်သောင်းသုံးထောင်ကျော်)ရှိပြီး နှစ်စဉ်လိုငွေ မရှိအောင် ဆောင်ရွက်နေကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

"လူမှုကွန်ရက် ဖေ့စ်ဘွတ်ခ်တွေမှာ ဂေါပကအဖွဲ့က အကြွေးတင်နေတယ်လို့ရေးနေကြတယ်။တကယ်တမ်း လချုပ်မှာ သိန်းပေါင်းတစ်သောင်းသုံးထောင်ကျော် လက်ကျန်ရှိတယ်။ အဲဒါဘဏ်ထဲမှာအပ်ထားတာ။ ဂေါပကအဖွဲ့မှာ လိုငွေမရှိပါဘူး။ ပြည်နယ်အစိုးရကလည်းဘဏ္ဍာငွေလက်ကျန်ကိုကြည့်ပြီးမှ လုပ်ငန်းတွေလုပ်ခိုင်းတာ ဖြစ်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

စေတီတော် ဘက်စုံပြုပြင်ရန်နှင့် မြေထိန်းနံရံများပြုလုပ်ရန် တောင်တက် မော်တော်ယာဉ်အသင်းကလည်း နှစ်စဉ်ကားတစ်စီးလျှင် လေးသိန်းနီးပါးဖြင့် ကားအစီးရေ ၀၅၀ အတွက် ထည့်ဝင်လျက်ရှိကြောင်း၊ တောင်တက်လမ်းတစ်လျှောက်တွင် လမ်းများပျက်စီးပါက လမ်းခင်းရန်အတွက် ကားတစ်စီးလျှင် အတက်အဆင်းအသုံးပြုခငွေကျပ် ၄၀၀၀ နှုန်းဖြင့် နေ့စဉ်လမ်းကြေးအဖြစ် ထည့်ဝင်ကြကြောင်း တောင်တက် မော်တော်ယာဉ်အသင်းမှ ဦးဌေးဝင်းက ပြောပြသည်။

စာမျက်နှာ ၉ သို့



ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးများ အခမဲ့နားနေနိုင်ရန် ရွက်ဖျင်တဲများ ပြုလုပ်ပေးထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-နေလင်း)

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောပြုန်းတီးမှုကာကွယ်ရန် တောတောင်စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးမှုမှကာကွယ်နိုင်ရန် ထင်းခုတ်၊ ဝါးခုတ်ပြုလုပ်ခြင်းများကို ထိန်းသိမ်းဆောင်ရွက်ရန် သစ်တောရေးရာဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံချက်ကို ရေးဆွဲနေ။**

# တောင်ငူမြို့သို့ မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော် ဒေသစာရီကြွချီအပူဇော်ခံ



**တောင်ငူ ဇန်နဝါရီ ၂၆**

အိန္ဒိယနိုင်ငံ လဒက်ပြည်နယ် လီမြို့ ဟမ်းမစ်ကျောင်းတော်မှ မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီလာသော မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်သည် ဇန်နဝါရီ ၂၅ ရက်က နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးလိုဏ်တော်အတွင်းရှိ အရှေ့ဘက်မုခ် ယာယီစံကျောင်း၌ ကိန်းဝပ်စံပယ်တော်မူပြီး ဆက်လက်၍ ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့သို့ ဖူးမြော်အကြည်ညိုခံရန် ဒေသစာရီကြွချီလာရာ နံနက် ၁၀ နာရီခွဲတွင် တောင်ငူမြို့ သမိုင်းဝင်ရွှေဆံတော် ဘုရားကြီးပေါ်သို့ ရောက်ရှိပြီး ကိုးခန်းသိမ်တော်ကြီးအတွင်း အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ခေတ္တကိန်းဝပ်စံပယ်တော်မူသည်။ **(ဓါတ်ပုံ)**

တောင်ငူမြို့သို့ ရန်ကုန်-မန္တလေး လမ်းဟောင်းဘက်မှ ဆက်သွယ်ထားသော ဂျပန်လမ်းမှတစ်ဆင့် ဗိုလ်မျိုးဖိုးကွန်းလမ်း၊ ဘုရားလမ်းအတိုင်း ပင့်ဆောင်ပြီး ရွှေဆံတော်ဘုရားကြီး၏ မြောက်ဘက်မုခ်ဦးမှ ကိုးခန်းသိမ်တော်ကြီးအတွင်းသို့ ပင့်ဆောင်ပူဇော်ခံခဲ့သည်။ မြတ်စွာဘုရားရှင်၏ အရိုးဓာတ်တော်ကို တောင်ငူမြို့ ဒေသခံပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။ မြတ်ဗုဒ္ဓ၏ အရိုးဓာတ်တော်နှင့်အတူ တိဗက်ဘုန်းတော်ကြီး ၅၃ ပါးနှင့် နောက်လိုက် ၂၀ တို့ကို မရမ်းကျောင်းတိုက်တွင် နေ့ဆွမ်းဆက်ကပ်ပြီး မွန်းတည့် ၁၂ နာရီတွင် ရွှေဆံတော်ဘုရားကြီးကို လက်ယာရစ်လှည့်ပတ်အပူဇော်ခံပြီး ရင်ပြင်၏ အနောက်ဘက်မုခ်ဦးမှ ရန်ကုန်မြို့သို့ ဆက်လက်ကြွချီမည်ဖြစ်ရာ အုတ်ဖိုမြို့နယ် ဥတိုမြို့သစ်ရှိ အောင်ချမ်းသာဘုရားဝင်း၌ ညအိပ်ရပ်နား ကိန်းဝပ်စံပယ် အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**



မြတ်စွာဘုရား အရိုးဓာတ်တော်အား ပင့်ဆောင်လာရာ ဖူးမြော်ကြည်ညိုသူပြည်သူများဖြင့် စည်ကားစွာတွေ့ရစဉ်။

# စိုက်ပျိုးရေအပြင် သောက်သုံးရေအတွက်ပါ အကျိုးပြုနေသည့် မြိုင်မြို့နယ်က ယင်းတိုင်းတောင်တာမံ

**သတင်းဆောင်းပါး- ကျော်သူဝင်း**
**ဓာတ်ပုံ-သက်ထက်**

**မြိုင် ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်၏ အရှေ့ဘက် နှစ်မိုင်ခန့်ကွာဝေးသောနေရာတွင် တည်ရှိသည့် ယင်းတိုင်းတောင်တာမံသည် စိုက်ပျိုးရေသောက်သုံးရေအတွက် အသုံးဝင်ရုံမျှမက နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ လာရောက်တည်းခိုလည်ပတ်နိုင်သည့် ကျေးရွာဧည့်ဂေဟာကိုလည်း တည်ဆောက်ထားရာ ဒေသအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။

အဆိုပါတာမံကို တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ၂၀၁၂ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် အစိုးရက ကန်၊ ကန်ငယ်၊ တာတာမံများကို နှစ်စဉ်အဆင့်မြှင့်တင်ပေးခြင်း၊ တည်ဆောက်ပေးခြင်းများ ပြုလုပ်ပေးလျက်ရှိရာ ယင်းတိုင်းတောင်တာမံသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း သိရသည်။

ယင်းတိုင်းတာမံ မတည်ဆောက်မီက ဒေသခံတောင်သူများက တာမံငယ်လေးများ တည်ဆောက်ပြီး မိုးရေများသိုလှောင်ခဲ့ကြသော်လည်း ရေသိုလှောင်နိုင်မှုပမာဏ အလွန်နည်းခဲ့သည်။ ထိုအကျိုးဆက်များကြောင့် စိုက်ပျိုးရေးအပါအဝင် နွားမွေးမြူသူများ၊ ဆိတ်မွေးမြူသူများ နည်းပါးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။ ထို့ကြောင့် ဒေသခံများက တာမံတစ်ခုတည်ဆောက်ပေးရန် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီးသို့ အဆင့်ဆင့်တင်ပြခဲ့ကြသည်။

စူလီပန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းက "ပေ ၅၀ အမြင့် တာမံကြီးတည်ဆောက်ပေးဖို့ ခရိုင်ဆည်မြောင်းဌာနမှာ တင်ပြခဲ့ပါတယ်။ ပထမအက်ရှင်အေ့ဒ်က တာမံတည်ဆောက်ဖို့ ငွေကျပ်သိန်း ၂၀၀ ထည့်ဝင်ပါတယ်။ တာမံတည်ဆောက်ဖို့ ဆည်မြောင်းက တွက်ချက်တဲ့အခါ ကျပ်သိန်း ၂၀၀၀ နီးပါးကျမယ်လို့ ပြောပါတယ်။ အက်ရှင်အေ့ဒ်က ကူညီတာရယ်၊ ဒေသခံတွေရဲ့ ထည့်ဝင်ငွေ၊ လုပ်အားတွေနဲ့ ကုန်ကျစရိတ် လျှော့ချလို့ရတယ်လို့တင်ပြခဲ့ပါတယ်။ တာမံအနီးက ရွာလေးရွာက ဒေသခံပြည်သူတွေရဲ့ လုပ်အား၊ ငွေအား ပူးပေါင်းပါဝင်ကြလို့ အောင်မြင်ခဲ့တာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာမှာ နောက်ဆုံးတိုင်းဒေသကြီး ရန်ပုံငွေ ခွင့်ပြုရရှိတာကြောင့် အဆင်ပြေစွာ တည်ဆောက်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးရေးအောင်မြင်မှ ပညာရေး၊ ကျန်းမာရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်မှာ ဖြစ်တာကြောင့် ဒေသခံပြည်သူတွေကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါတယ်။ အခု ကျေးရွာပြည်သူလူထုအခြေပြု ခရီးသွားလုပ်ငန်းကလည်း ကျေးရွာတွေကို အများကြီးဖွံ့ဖြိုးစေပါတယ်" ဟု ပြောပြသည်။

ယင်းတိုင်းတောင် တာမံသည် တစ်ဖက်ပိတ်ဆည်အမျိုးအစားဖြစ်ပြီး တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အက်ရှင်အေ့ဒ်နှင့် ဒေသခံပြည်သူများက ၂၀၁၂ ခုနှစ်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါအားလုံးပြီးစီးနေပြီဖြစ်သည်။ အဆိုပါ တာမံ၏ သဘာဝအလှအပများကို အမှီပြုကာ ကျေးရွာ ပြည်သူလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism- CBU) စတင်ပြုလုပ်လျက်ရှိပြီး နိုင်ငံခြားသား ဧည့်သည်များ တည်းခိုနိုင်ရန် အက်ရှင်အေ့ဒ်က ကျေးရွာဧည့်ဂေဟာဘန်ဂလိုများ တည်ဆောက်ထားသည်ကို တွေ့ရသည်။

ယင်းတိုင်းတောင် တာမံသို့ လာရောက်လည်ပတ်သူ နိုင်ငံခြားသား ဧည့်သည်များက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းများ ပြုလုပ်ပေးကြသည်။ သစ်ဝင်စိုက်ပျိုးနိုင်ရေးအတွက် အက်ရှင်အေ့ဒ် ကျေးရွာဧည့်ဂေဟာမှ ဝန်ထမ်းများက ကူညီဆောင်ရွက်ပေးကြသည်။

ယခုနှစ်တွင် မိုးနည်းသောကြောင့် ယင်းတိုင်းတောင်တာမံ၏ ရေလှောင်နိုင်သည့် ပမာဏနည်းပါးခဲ့သော်လည်း ကျေးရွာလေးရွာရှိ ဒေသခံများ တိရစ္ဆာန်စားကျက်အတွက် သာမက နိုင်ငံခြားသားများ လာရောက်တည်းခိုသည့် ကျေးရွာဧည့်ဂေဟာအတွက်ပါ များစွာ အကျိုးပြုလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။






# (၃၆)ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်ညီလာခံဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၆**

(၃၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန် ညီလာခံဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်)တွင် ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်သည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းဥက္ကဋ္ဌ ဒေါက်တာပွင့်ဖူး၊ FDI (World Dental Federation) ကိုယ်စားလှယ်နှင့် ကြိုဆိုဧည့်ခံရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်သန်းတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

ဆက်လက်၍ ညီလာခံအထိမ်းအမှတ် ဆေးပစ္စည်းကိရိယာပြခန်းကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တက်ရောက်လာသူများက ခင်းကျင်းပြသထားသည်များကို လှည့်လည်ကြည့်ရှုကြသည်။

(၃၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန် ညီလာခံကို ဇန်နဝါရီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# တံခွန်တိုင် ယန္တရားရပ်ကွက်တွင် မီးလောင်မှုမှ မီးသတ်အရန်တပ်ဖွဲ့ဝင်တစ်ဦး ကားပေါ်မှပြုတ်ကျ

**မန္တလေး ဇန်နဝါရီ ၂၆**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင် ယန္တရားရပ်ကွက် အမှတ် (၃×၂)လမ်းအကြားတွင် ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ **(အောက်ယာပုံ)** မီးသတ်ကားပေါ်မှ ဒေသအရန်မီးသတ် တပ်ဖွဲ့ဝင်တစ်ဦး ပြုတ်ကျခဲ့သဖြင့် မန္တလေး ပြည်သူ့ဆေးရုံသို့ ပို့ပေးခဲ့ရကြောင်း တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ မှတ်တမ်းမှ သိရသည်။

မီးငြိမ်းသတ်ရန် အရေးပေါ် ရောက်ရှိလာစဉ် ရပ်ကွက်အဝင် သွယ်တန်းထားသည့် ဝိုင်ယာကြိုးနှင့်ထိခိုက်မိကာ မီးသတ်ယာဉ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့် ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး ဦးနှောက်နှင့် အာရုံကြောဌာန၌ တက်ရောက်ကုသနေရသည်ဟု ဆိုသည်။

"ရပ်ကွက်တွေမှာ နေအိမ်တွေမှာ သွယ်တန်းထားတဲ့ ဝိုင်ယာကြိုးတွေ ရှိတယ်။ အရေးပေါ်မောင်းလာတာဆိုတော့ မီးကို အာရုံစိုက်နေရလို့ မမြင်လိုက်ရတာ ခုလိုဖြစ်သွားတာ။ ဓာတ်မှန်တွေရိုက်ပြီးမှ ဘာဖြစ်တယ်ဆိုတာသိမယ်" ဟု မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးလောင်မှု ဖြစ်စဉ်မှာ ယင်းရပ်ကွက်နေ ဒေါ်ခင်အုန်းမြင့် နေအိမ်မီးဖိုချောင် ဂက်စ်အိုးမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး နေအိမ်ခြောက်လုံး၊ အိမ်ထောင်စုခြောက်စု မီးလောင်ကျွမ်းခဲ့ကာ မီးစတင်လောင်ကျွမ်းချိန်မှ နာရီဝက်ခန့်အကြာတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

"ပေါက်ကွဲတဲ့အသံ ကြားလိုက်တယ်။ ခဏကြာမှ မီးလောင်တာ သိလို့ အော်တာ။ တော်တော်နဲ့ လူတွေက တွက်မလာဘူး။ ကျွန်မက မီးသတ်ဖုန်းနံပါတ်မသိတော့ သူများတွေကို မီးသတ်ဖုန်းဆက်ခိုင်းတယ်။ မီးသတ်ကားတစ်စီး အရင်ရောက်လာတာ"ဟု ရပ်ကွက်နေတစ်ဦးက ပြောသည်။

အဆိုပါရပ်ကွက် နေအိမ်များမှာ ထရံကာအိမ်အများဆုံးဖြစ်၍ ရေနံချေးသုတ်ထားသည့် အိမ်များလည်း ရှိသဖြင့် မီးလောင်ရန် လွယ်ကူကြောင်း၊ မိနစ်ပိုင်းအတွင်း အခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ကြောင်းနှင့် မီးလောင်မှု စတင်ဖြစ်ပွားသည့် အိမ်ရှင်ဖြစ်သူအား ဥပဒေအရ အမှုဖွင့်ထားကြောင်း သိရသည်။ **အောင်သန့်နိုင်**



**❖ ကျော့ဖုံးမှ**

"ယခု ပျဉ်းမပင်စက်မှုဇုန်ရှိ ကျူးကျော်တဲတွေကို ဖျက်သိမ်းဖို့ ၂၀၁၄ ခုနှစ်က နှစ်ကြိမ်၊ အခု ၂၀၁၆ ခုနှစ်မှာ နှစ်ကြိမ် တာဝန်ရှိသူတွေက လူကိုယ်တိုင်သော်လည်းကောင်း စာနဲ့သော်လည်းကောင်း သတိပေး အကြောင်းကြားခဲ့ပါတယ်။ အခုရှင်းတဲ့ ကျူးကျော်မြေတွေက နိုင်ငံတော်ပိုင် အစိုးရပိုင် မြေတွေသာဖြစ်ပါတယ်။ ဥပဒေနဲ့မညီဘူးဆိုတာ ကျူးကျော်တဲ့သူတွေ ကိုယ်တိုင်သိပါတယ်။ မြေယာဥပဒေ၊ စည်ပင်ဥပဒေ ဘယ်ဥပဒေနဲ့ ကြည့်ကြည့် အကျုံးမဝင်ပါဘူး။ ဒါပေမယ့် ရွှေ့ပြောင်းတဲ့အချိန်မှာ ကိုယ့်မိသားစုလို သဘောထားပြီး သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ဇွန်းတစ်ချောင်းအစ ပန်းကန်လေး တစ်လုံးအဆုံး မပျက်စီးအောင် ပြောင်းရွှေ့ပေးဖို့ မှာကြားထားပါတယ်။ ကျူးကျော်သူတချို့ကလည်း သတိပေးစာရပြီးနောက်ပိုင်း ပစ္စည်း



**ကျူးကျော်တဲများ ရွှေ့ပြောင်းမှုအခြေအနေကို ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်း ရှင်းလင်းပြောကြားစဉ်။**

တွေသိမ်းပြီး သူတို့အစီအစဉ်နဲ့ ကြိုတင် ရွှေ့ပြောင်းပေးကြပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆက်လက်ပြောကြားသည်။

မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ ကျူးကျော်တဲများကို ယနေ့ဖျက်သိမ်းခဲ့သည့် အချိန်တွင် ရန်ကုန်မြို့၌ အချိန်အခါမဲ့ မိုးအနည်းငယ်ရွာသွန်းမှုနှင့် တိုက်ဆိုင်နေ၍ ပြည်သူအချို့က စာနာမှုနှင့် စိုးရိမ်ပူပန်မှုများရှိနေကြောင်းလည်း ကြား သိရသည်။

လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက "နို့တစ်သတိပေးစာ ထုတ်ထားလို့ တချို့က သူ့မိသားစု အစီအစဉ် ဆွေမျိုးတွေအစီအစဉ်နဲ့ ပြောင်းရွှေ့သွားတဲ့ လူတွေလည်း ရှိပါတယ်။ ကျွန်တော်တို့ ဘက်ကလည်း သူတို့သွားချင်တဲ့ မင်္ဂလာဒုံ၊ တောင်ဒဂုံ၊ ရွှေပြည်သာစတဲ့ နေရာတွေကို ဒိုင်နာကားတွေထိုးပြီး သက်ဆိုင်ရာက ရွှေ့ပြောင်းပေးပါတယ်။ လတ်တလောသွားဖို့ အဆင်မပြေသူတွေကို မင်္ဂလာဒုံမြို့နယ်က ပေါ့စကို သဘောဆေးစက်ရုံမှာ ယာယီ နေဖို့ စားဖို့ ရေ မီး စတာတွေနဲ့ စီစဉ်ပေးထားပါတယ်။ ဒါ့အပြင် ကျန်းမာရေးအတွက် ကူညီစောင့်ရှောက်ရေးအဖွဲ့ တွေလည်းထားပေးထားပါတယ်။ ပြောင်းရွှေ့သူတွေအတွက် လိုအပ်တဲ့ ဆန်နဲ့ ဆီတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ကူညီဖို့ စီစဉ်ထားပါတယ်" ဟု ပြောသည်။

သို့သော်လည်း လက်ရှိအချိန်အထိ ယာယီစီစဉ်ပေးထားသည့် ပေါ့စကို သဘောဆေးစက်ရုံ၌ နေထိုင်သူမရှိကြောင်း၊ အစိုးရမြေတွင် ကျူးကျော်နေထိုင်သူအများစုမှာ အချိန်မရွေး ဖယ်ရှားရှင်းလင်းခံရမည်ကို သိကြ၍ သက်ဆိုင်ရာက ကျူးကျော်တဲများကို ရှင်းလင်းချိန်တွင် အစားထိုးနေထိုင်ရန် ကြိုတင်နေရာရှာထားပြီးဖြစ်ကြောင်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဆိုသည်။

ထို့ပြင် အမှန်တကယ် မြေယာမရှိသူများကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြေလွတ်နေရာများတွင် စီစစ်ချထားပေးရန်လည်း အစီအစဉ်များရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မြန်မာ့သတင်းစဉ်သို့ ပြောသည်။



**ကျူးကျော်တဲများ ဆောက်လုပ်ခြင်းမရှိဘဲ မြေနေရာသတ်မှတ်ထားမှုများ တွေ့ရစဉ်။**


## မွေးနေ့ဆုတောင်း

## ဦးသန်းထွန်း

### ဘွန်းတိရဏ္ဏာန်ဆေးဝါးလုပ်ငန်း (မန္တလေး)

ငှက်တစ်သောင်းတို့ မှီခိုရာ ကျေးဇူးရှင်သစ်ပင်ကြီး . .

ယနေ့ (၂၇-၁-၂၀၁၆)တွင်ကျရောက်သော အနှစ်(၆၀)ပြည့်မွေးနေ့မင်္ဂလာမှစ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒများ တလုံးတဝတည်းပြည့်စုံပါစေ။

ဒုက္ခ သစ္စာ ဆင်းရဲစွာသောခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့ မဖြစ်ဝေးစွာ ချုပ်ငြိမ်းရန် အားထုတ်နိုင်သောကိုယ် ဖြစ်ပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်။

ဇနီး - ဒေါ်ခင်လှဝင်း



## ရောင်းမည် (တစ်ခွန်းဈေး)

- (၃)ထပ်တိုက်အသစ်(ပြင်ဆင်ပြီး)
- အရှုပ်အရှင်းကင်း၊ ပိုင်ရှင်အမည်ပေါက်
- တောင်ဒဂုံ၊ လှော်ကားလမ်းမအနီး၊ နတ်မောက်လမ်းမပေါ်

မြေကွက်ဈေးဖြင့်ရောင်းမည် ဦးရာလူရမည်။

၀၉၉၆၃၅၆၅၉၁၈၊ ၀၉၇၈၂၄၇၄၇၄၁ ၀၉၂၆၁၀၀၈၂၃၆





## စိန်ငါးလုံး လေးဖက်နာဆေး

အမှတ်တံဆိပ်

နူနာ ၊ ခါးနာ ၊ ခြေဆစ် လက်ဆစ်ရောင်ခြင်း ၊ ခြေပဝါး လက်ပဝါးကျိန်းခြင်း အကိုင်အတွယ်မမြဲခြင်း၊ အကြောများတင်းခြင်း ၊ ထုံကျင်ကိုက်ခဲခြင်း ခြေလက်များကောက်ကွေးခြင်း ၊ သွေးလေအလျှောက်မမှန်ခြင်း ၊ အထိုင်အထလေးခြင်း တို့အတွက် ဆေးစွမ်းထက်ဆုံး စိန်ငါးလုံး လေးဖက်နာဆေးကိုသောက်ပါ

ဖုန်းနံပါတ် - ၀၉ ၇၃၁၅၅၃၅၇ ၊ ၀၉ ၄၂၁၀၄၀၀၀၅

# ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၂၅။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၅ တွင်-

(က) ပုဒ်မခွဲ (၁) ၌ ပါရှိသော "Sessions Judge or District Magistrate" ဆိုသည့်စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁)၌ ပါရှိသော "or any Sub-divisional Magistrate empowered by the President of the Union in this behalf," ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဂ) ရှင်းလင်းချက်ကို ပယ်ဖျက်ရမည်။

၂၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ တွင် ပါရှိသော "Sessions Judge" ဆိုသည့် စကားရပ်ကို "District Judge" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "District Magistrate" ဆိုသည့် စကားရပ်ကို "District Court" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၇။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၇ တွင်ပါရှိသော "the Sessions Judge or District Magistrate" ဆိုသည့် စကားရပ်ကို "the District Judge" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "the Court of Session" ဆိုသည့် စကားရပ်ကို "the District Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၂၈။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၉၊ ပုဒ်မခွဲ(၁)၊ ပုဒ်မခွဲ(၄)နှင့် ပုဒ်မ ၄၄၂ တို့တွင် ပါရှိသော "the High Court, the State or Divisional Court " ဆိုသည့်စကားရပ်ကို "the Supreme Court of the Union or a High Court of the Region or a High Court of the State or a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၂၉။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၉၈ တွင် -

(က) ပုဒ်မခွဲ (၁) ၌ပါရှိသော "The High Court" ဆိုသည့် စကားရပ်ကို "The Supreme Court of the Union or a High Court of the Region or a High Court of the State" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၂)၏ ဒုတိယအပိုဒ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"Provided that no person shall be admitted to bail under this section, unless the Attorney General of the Union or an Advocate-General of the Region or an Advocate-General of the State or Public Prosecutor, as the case may be, has had an opportunity of being heard."

၃၀။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၆-က တွင် ပါရှိသော "is produced" ဆိုသည့် စကားရပ်၏နောက်တွင် "or when a report and relevant documentary evidence is submitted, if such property is not physically and easily produceable" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၃၁။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၁၇ တွင် ပါရှိသော "any property or document produced before it" ဆိုသည့်စကားရပ်ကို "any property or document produced before it or exhibit submitted to it under a report and other relevant documentary evidence, if such exhibit is not physically and easily produceable before it" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၁ တွင်ပါရှိသော "sessions division," နှင့် "sub-division" ဆိုသည့်စကားရပ်တို့ကိုပယ်ဖျက်ရမည်။

၃၃။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၉ တွင်-

(က) "the High Court" ဆိုသည့် စကားရပ်ကို "a High Court of the Region or a High Court of the State" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) "or any Commissioner to administer oaths in England or Ireland, or any Magistrate authorized to take affidavits or affirmations in Scotland" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃၄။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၅၅၄၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(1) The Supreme Court of the Union may make rules for the inspection of subordinate Courts."

၃၅။ ရာဇဝတ်ကျင့်ထုံးဥပဒေဇယား ၂ တွင်-

(က) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၁၂၀-ခ နှင့်သက်ဆိုင်သည့် "transportation or" ဆိုသည့် စကားရပ်ကိုလည်းကောင်း၊ ပုဒ်မ ၂၂၂ နှင့် ၂၂၅ တို့နှင့်သက်ဆိုင်သည့် "transportation or" ဆိုသည့်စကားရပ်ကို လည်းကောင်း အသီးသီးပယ်ဖျက်ရမည်။

(ဂ) စာတိုင် ၂ နှင့် စာတိုင် ၇ တို့၌ ပါရှိသော ပုဒ်မ ၅၁၁ နှင့် သက်ဆိုင်သည့် "transportation or" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၂၄-က နှင့်သက်ဆိုင်သည့် "or for any term and fine, or imprisonment of either description for three years and fine," ဆိုသည့် စကားရပ်ကို "and fine or imprisonment of either description for seven years and fine," ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(င) စာတိုင် ၂ ၌ ပါရှိသော ပုဒ်မ ၂၂၂ ဒုတိယအပိုဒ်၌ပါရှိသည့် "transportation for life, or transportation" ဆိုသည့်စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(စ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၂၂၅ စတုတ္ထအပိုဒ်၌ပါရှိသည့် "transportation for life, or to transportation" ဆိုသည့်စကားရပ်ကို "imprisonment for a term of twenty years" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဆ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၃၇၊ ပုဒ်မ ၁၄၀၊ ပုဒ်မ ၁၇၂ ပထမအပိုဒ်၊ ပုဒ်မ ၁၇၃ ပထမအပိုဒ်၊ ပုဒ်မ ၁၇၄ ပထမအပိုဒ်၊ ပုဒ်မ ၁၇၅ ပထမအပိုဒ်၊ ပုဒ်မ ၁၇၆ ပထမအပိုဒ်၊ ပုဒ်မ ၁၈၀၊ ၁၈၄၊ ၁၈၆၊ ပုဒ်မ ၁၈၇ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၇၇၊ ၂၇၈၊ ၂၇၉-က၊ ၃၃၄၊ ၃၃၆၊ ၃၄၁၊ ၃၅၂ နှင့် ၄၄၇ တို့နှင့်သက်ဆိုင်သည့် "500 kyats" ဆိုသည့် စကားရပ်ကို "50,000 kyats" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဇ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၂ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၃ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၄ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၅ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၆ ဒုတိယအပိုဒ်၊ ပုဒ်မ ၁၇၇ ပထမအပိုဒ်၊ ပုဒ်မ ၁၇၈၊ ၁၇၉၊ ၁၈၂၊ ၁၈၃၊ ပုဒ်မ ၁၈၈ ဒုတိယအပိုဒ်၊ ပုဒ်မ ၂၂၈၊ ၂၇၂၊ ၂၇၃၊ ၂၇၄၊ ၂၇၅၊ ၂၇၆၊ ၂၇၉၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၇၊ ၂၈၈၊ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယအပိုဒ်၊ ပုဒ်မ ၃၂၃၊ ၃၃၇၊ ၃၄၂ ၃၅၇ နှင့် ၄၄၈ တို့နှင့်သက်ဆိုင်သည့် "1,000 kyats" ဆိုသည့်စကားရပ်ကို "100,000 kyats" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဈ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၆၀ တွင်ပါရှိသည့် "100 kyats" ဆိုသည့် စကားရပ်ကို "10,000 kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ည) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၁၇၁၊ ၁၈၅၊ ပုဒ်မ ၁၈၇ ပထမအပိုဒ်၊ ပုဒ်မ ၁၈၈ ပထမအပိုဒ်၊ ပုဒ်မ ၂၆၃-က၊ ၂၈၃၊ ၂၉၀၊ ၃၅၈ နှင့် ၄၉၁ တို့တွင်ပါရှိသည့် "200 kyats" ဆိုသည့်စကားရပ်ကို "20,000 kyats" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဋ) ရာဇသတ်ကြီး ပုဒ်မ ၁၇၁-စ၏ ခြွင်းချက်နှင့်သက်ဆိုင်သည့် စာတိုင် ၁ မှ စာတိုင် ၈ အထိ ပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဌ) ပုဒ်မ ၂၂၆ နှင့်သက်ဆိုင်သည့် စာတိုင်(၁)မှ စာတိုင်(၈)အထိ ပါရှိသော စကားရပ်များကို ပယ်ဖျက်ရမည်။

(ဍ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၃၃၅ နှင့်သက်ဆိုင်သည့် "2,000 kyats" ဆိုသည့် စကားရပ်ကို "200,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဎ) စာတိုင် ၅ ၌ ပါရှိသော ပုဒ်မ ၄၀၆ နှင့် သက်ဆိုင်သည့် "Not bailable" ဆိုသည့် စကားရပ်ကို "Bailable" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဏ) စာတိုင် ၇ ၌ပါရှိသော ပုဒ်မ ၄၁၇ နှင့်သက်ဆိုင်သည့် ထောင်ဒဏ် "1 year" ဆိုသည့် စကားရပ်ကို "3 years" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(တ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၄၂၇ နှင့် သက်ဆိုင်သည့် "50 kyats" ဆိုသည့် စကားရပ်ကို "5,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၈ တွင် ပါရှိသည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၂၉ တွင်ပါရှိသည့် "50 kyats" ဆိုသည့် စကားရပ်ကို "5,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၄၃၅ တွင်ပါရှိသည့် "100 kyats" ဆိုသည့် စကားရပ်ကို "10,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

(ထ) စာတိုင် ၂ ၌ပါရှိသော ပုဒ်မ ၄၇၁ နှင့် သက်ဆိုင်သည့် "the Government of India" ဆိုသည့် စကားရပ်ကို "the Union Government" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဒ) စာတိုင် ၇ ၌ ပါရှိသော ပုဒ်မ ၅၁၀ နှင့် သက်ဆိုင်သည့် "10 kyats" ဆိုသည့်စကားရပ်ကို "1,000 kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဓ) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class" ဆိုသည့် စကားရပ်၏ နောက်တွင် "or second class" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(န) စာတိုင် ၈ ၌ ပါရှိသော "Magistrate of the first class or second class" ဆိုသည့်စကားရပ်ကို "Any Magistrate" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇဝတ်ကျင့်ထုံးဥပဒေ ဇယား ၂တွင် အခြားဥပဒေများကို ကျူးလွန်သူများခေါင်းစဉ်အောက်ရှိ စာတိုင်၂၊ ပထမအပိုဒ်၌ ပါရှိသော "transportation" ဆိုသည့် စကားရပ်၏နောက်တွင် "or imprisonment for life or imprisonment for a term of unlimited period" ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြင်ဦးလွင်ဒေသ၌ ရှားပါးစပြုလာသည့် မက်ခေါက်(ခေါ်)ပင်စိမ်းသီးပင်များ



မက်ခေါက်(ခေါ်)ပင်စိမ်းသီးပင်များကို ချယ်ရီပန်းပင်နှင့်အတူ တွေ့ရစဉ်။

**ပြင်ဦးလွင် ဇန်နဝါရီ ၂၆**

ရှမ်းတိုင်းရင်းသားနှင့် ဓနု၊ ပလောင်၊ ပအိုဝ်းစသည့်လူမျိုးတို့ ဟင်းလျာအဖြစ် စားသုံးကြသည့် အပြင် အချဉ်ပေါင်း၊ ယို၊ ဝိုင်စသည့် စားသောက်ကုန်အဖြစ် အသုံးဝင်လှသည့် ဒေသအခေါ် ပင်စိမ်းသီးနှင့် မက်ခေါက်၊ မက်ချစ်မွန်ဟုလူသိများသော အပင်တစ်မျိုးသည် ရှမ်းကုန်းမြေ အမြင့်ပေ ၃၀၀၀ ကျော်သော အရပ်ဒေသများတွင် သဘာဝ အလျောက် အများအပြားပေါက်ရောက် ရှင်သန်လျက်ရှိခဲ့ရာမှ ယခုအခါ ပြင်ဦးလွင်ဒေသဝန်းကျင်၌ ကွယ်ပျောက်လုနီးပါး ရှားပါးလာကြောင်း သိရသည်။

ဆောင်းရာသီအကုန် နွေရာသီအကူးတွင် သီးပွင့်လေ့ရှိသည့် ပင်စိမ်းသီး (ခေါ်) မက်ခေါက်ပင်များမှာ ယခင်က ပြင်ဦးလွင် ဒေသဝန်းကျင် အနှံ့အပြားတွင် အများအပြား တွေ့ရှိခဲ့ရသော်လည်း ယခုအခါ မိုးကြိုးပစ်၊ သက်တံ၊ ညောင်တုန်း၊ မျှော့တော၊ မဲတော၊ ကျွန်းတိုင်၊ ဆီးဖြူရေ၊ ဆင်စားကုန်းစသည့် ရှမ်းဓနုကျေးရွာများတွင်သာကျန်ရှိနေပြီး ကျန်ကျေးရွာတို့တွင် မြေယာများချဲ့ထွင်မှု၊ လူနေအိမ်ခြေများ ဆောက်လုပ်လာမှု၊ ထင်းအဖြစ် ခုတ်ယူသုံးစွဲလာမှုကြောင့် ရှားပါးလာကြောင်း သိရသည်။

ပင်စိမ်းသီး(ခေါ်) မက်ခေါက်သီးများသည် ရှမ်းတိုင်းရင်းသားတို့နှင့်အတူ ဒွန်တွဲနေသကဲ့သို့ စားသုံးကုန်အဖြစ် ထုတ်လုပ်ရောင်းချသည့် အခါ၌လည်း နာမည်ကျော် လူကြိုက်များလှသည့် သစ်သီးတစ်မျိုးဖြစ်ကြောင်း သိရသည်။ ပင်စိမ်းသီးပင်များသည် တောင်ပေါ်မြေ၌ ချယ်ရီပန်းများပွင့်သည့်ဆောင်းရာသီတွင် ချယ်ရီပန်း၊ မက်မွန်ပန်းစသည်တို့နှင့် အတူ ပွင့်ဖူးကြပြီး နွေရာသီတွင် အသီးများကို စတင်ခူးဆွတ်နိုင်ပြီဖြစ်သည်။ အပင်အရွယ်အစားနှင့် ပုံသဏ္ဌာန်မှာချယ်ရီပင်နှင့် ခပ်ဆင်ဆင်တူညီပြီး ချယ်ရီပန်းများ မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်ချိန်တွင် ပင်စိမ်းမှာ အရွက်စိမ်းစိမ်းတို့ ပင်လုံးကျွတ်ဖြာထွက်လျက်အပွင့်လိုက်လာတတ်ကြသည်။ ယခုအခါ ပင်စိမ်းပင်များကို ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ရွာငံ၊ တောင်ကြီး၊ ပင်းတယ၊ ရပ်စောက် စသည့်မြို့များတွင် အများအပြား တွေ့မြင်နေရသော်လည်း ပြင်ဦးလွင်ဒေသတွင် ရှားပါးပျောက်ကွယ်လာပြီဖြစ်သဖြင့် ပင်စိမ်း(ခေါ်)မက်ခေါက်ပင်များကို စနစ်တကျပြန်လည်စိုက်ပျိုးသင့်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **သက်နိုင်(ပြင်ဦးလွင်)**

# ပထမအကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ရမည်းသင်း**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန တို့ချဲ့ကာကွယ်ဆေးတိုက်ကျွေးခြင်းကို ရမည်းသင်းမြို့နယ် ကျန်းမာရေးဦးစီးမှူး ဦးဆောင်ကာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ ၆၈ အုပ်စုတို့တွင် မွေးကင်းစမှ ငါးနှစ်အောက် ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၃ ရက်မှစတင်ကာ ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးများ၌ တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

ရမည်းသင်းမြို့တွင် ရပ်ကွက်အုပ်စု ငါးအုပ်စုရှိရာ မြို့မအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် မွေးကင်းစမှ ငါးနှစ်အောက်ကလေးများ ကျန်းမာသန်စွမ်းစေရေးနှင့် ပိုလီယိုရောဂါမဖြစ်ပွားရေးအတွက် ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ ပထမအကြိမ် ဆေးများတိုက်ကျွေးခဲ့ကြောင်း သိရသည်။ **(၀၁၁)**

---

**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် မွေးကင်းစမှ အသက်ငါးနှစ်အောက်ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းကို ဇန်နဝါရီ ၂၃ ရက်မှစ၍ ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များက ပူးပေါင်း၍ တိုက်ကျွေးခဲ့ကြပြီး ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ အမျိုးသားကာကွယ်ဆေးတိုက်နေ့များကို ဖေဖော်ဝါရီ ၂၀ ရက်မှ ၂၃ ရက်အထိ လည်းကောင်း တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စဉ်ပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေ့မဂ္ဂဇင်း ရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၀ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချိုညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သဓိရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ကျုံးလမ်း ကဗျာလွတ်

ဆူငှက်



ဝါဆိုနေက ပွင့်ပွင့်ပူသည့်အချိန် နည်းသည်။ ဟန်ကြီးပန်ကြီး မိုးသားတွေက ကာဆီးကာဆီးမို့ မျက်နှာမပြဝံ့သည်တများ၏။ တောင်လေကတော့ တသုန်သုန်တိုက်နေသည်။ ကျုံးရေပြင်သည် လှိုင်းကြက်ခွပ်လေးတွေဖြင့် ခေါင်းမြီးခြုံထား၏။ စတ္တုပုန်း ရွက်ကြွေလေးတွေ၊ တယ်ရွက်ကြွေလေးတွေက အရှေ့ကျုံးလမ်းနိုင်လွန်ကတ္တရာပေါ် လျှောစီးနေ၏။

လမ်းလယ်ကျွန်းပေါ်ရှိ အသောက ပင်တွေက တောင်လေကို တွံ့တွံ့ခံရင်း မတ်မတ်ရပ်နေသည်။ ပန်တျာကျောင်းဝင်းထဲ က ပတ်စမ်းသံသဲ့သဲ့ ထွက်လာ၏။ နှဲက လျှာခင်ကိုကိုက်ကာ ဂိဂိလုပ်ရင်း ပတ်စမ်းနောက် ရှောရှောရှူရှူလိုက်သွားသည်။ ပတ်စမ်း သံက စိန်ဗေဒါ၏ ပပဝင်းဝင်းလား အသားမည်းတီးလုံးလား မသိ။

အမျိုးသားကဇာတ်ရုံကြီးဘေးမှ စိန်ဗေဒါကြီး ကြေးရုပ်ကမူ ခပ်ပြုံးပြုံး မျက်နှာထားဖြင့် နားစွင့်နေပုံရသည်။ ကြီးမားခံ့ထည်သော အမျိုးသားဇာတ်ရုံကြီး၏ဘေးမှ ကျုံးဘက်ကို မျက်နှာမူကာ စိန်ဗေဒါကြီး ကြေးရုပ်ကို စိုက်ထူထား၏။ အရှေ့ကျုံးလမ်းမှ အမျိုးသားဇာတ်ရုံကြီးဆီ လှမ်းကြည့်လိုက်လျှင် စိန်ဗေဒါကြီး ကြေးရုပ်ကို စကျင်ကျောက်အောက်ခံခုံကြီး နံရံကို ကျောပေးကာ မြင်တွေ့နေရသည်။

တကယ်တော့ စိန်ဗေဒါကြီးကြေးရုပ်သည် လွန်ခဲ့သော ၁၇ နှစ်လောက်တတည်းက ဤနေရာတွင် ရှိခဲ့ဖူးပါသည်။

မန္တလေးပန်တျာကျောင်းကို ၁၉၅၃ ခုနှစ်လောက်တတည်းက စတင်ဖွင့်လှစ်ခဲ့၏။ မူလက ပန်တျာကျောင်းကို ညွန့်ပေါင်းဈေး အနီး ၈၃ လမ်းပေါ်မှ တိုက်တစ်လုံးတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ပထမဆုံး မန္တလေးပန်တျာကျောင်းကို ကျောင်းအုပ်ကြီး ဦးစိန်ညွန့်ဦးဆောင်ကာ စောင်းနည်းပြ ဒေါ်ခင်မေ၊ အဆိုနည်းပြ ဆရာထူး၊ ပတ္တလားနည်းပြ ဦးဘာတလေး၊ အမျိုးသမီးအကနည်းပြ ဒေါ်ဩဘာသောင်း၊ အမျိုးသားအကနည်းပြ ရွှေဒေါင်းညို၊ စီးပွားရေးပန်းချီနည်းပြ ဦးအေးကျော်၊ ရသပန်းချီနည်းပြ ဦးဘသက်၊ ကြိုးတပ်တူရိယာနည်းပြ ဦးချစ်ထွေးတို့ဖြင့် ဖွင့်လှစ်ခဲ့သည်ဟု သိရ၏။ ထို့နောက် နန်းရှေ့ရှိ လက်ရှိနေရာတွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့လေသည်။ မန္တလေးပန်တျာနှင့် ပန်းချီပန်းပုကျောင်းဟု ခေါ်တွင်ခဲ့သည်။ မူလက ဤဝင်းကြီးတွင် သစ်ပင်ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေသည်။ ရေဆွတ်ဆွတ် ဗွက်တောကြီးရှိသည်။ ခရာဆူးချုံ ကန္တာရဆူးချုံများ ရှိသည်။ နွားသတ်ရုံဟောင်းကြီး ရှိသည်။ သင်တန်းအဆောက်အအုံတွေက မြေစိုက်တဲများသာ ဖြစ်၏။ တဲတွေတဲမှာ တစ်ခါတစ်ရံ ချုံနွယ်ပိတ်ပေါင်းတွေတဲမှ မြွေများ၊ ကင်းများ ဝင်လာတတ်သည်။ မိုးရွာလျှင် သင်တန်းပိတ်လိုက်ရရော။

ထိုလယ်တောတွေ ကန္တာရတောတွေထဲမှာ တဲတွေဆီက

"တပ်ဗေတိုးဗေ တပ်ဗေတိုးဗေ ဂျေဂျေ တပ်ဂျေး တပ်ဂျေးတပ်" ဟူသော ကဗျာလွတ်ဗိုးသံ ကြားနေရသည်။

အခြား တဲတစ်လုံးဆီကလည်း. . . .

"ချွင်ခေါက်၊ ချွင်ခေါက်. . . . တံထျာ တေရှင်၊ ထံတျာ တေရှင် ဒျန့် ဒျန့် တံတျာ တေရှင်" ဟူသော အသံလည်း ကြားနေရသည်။

ကျောက်စရစ်မြေလမ်းလေးဘေး ထနောင်းပင်ရိပ်မှာတော့ သျှောင်ပေစူးလေးနှင့် လူငယ်လေးတစ်ယောက် ပန်းရောင်ပတ်လည်စင်း လုံချည်လေးကို မကာ မကာ

"တောအစမှာဖြင့် ဒေါနရယ်တဲ့ ဇီဇဝါ ဇီဇဝါ
သရဖီပင်မင်း အင်ကြင်းရွှေဝါ
ရင်းမာ. . . .၊ ရင်းမာ. . . .
ကြိုင်ကြိုင် ကြိုင်လှိုးရယ်
ကြိုင်လှိုးရယ်. . . မြိုင်လှိုးရယ်
ကြိုင်လှိုးရယ်. . . .မွှေး. . . . မွှေးဟေ. . . .
ဟေ. . . ဟေ. . ."

ဟု မြိုင်ထတစ်ပိုဒ်ကို ဟစ်နေ၏။

စည်းရိုးခတ် ကျောင်းရှေ့မျက်နှာစာမှာမူ ဒုတိယနှစ် ပန်းချီကျောင်းသားလေးက ပုံဆွဲစက္ကူပေါ်တွင် ကျုံးမြို့ရိုးပုံကို ရေးဆွဲလေ့ကျင့်နေသည်။ ကျောင်း၏ စနေထောင့် ကုက္ကိုပင်ကြီးအောက် လက်ဖက်ရည်ဆိုင်လေးတွင် ကျောင်းစာရေးကြီး ဦးချစ်စုက လစာထုတ်မှတ်တမ်းစာအုပ်တွင် လက်မှတ်ထိုးဖို့ ဆရာများကို လာရှာနေ၏။

ထိုအချိန်တွင် ပန်တျာနှင့် ပန်းချီပန်းပုကျောင်းသည် သင်ကြားမှုဆိုင်ရာ လိပ်ပတ်လည်စပြုနေပြီဖြစ်သော်လည်း အရှိန်မရသေး . . .။ ၁၉၅၃ ခုနှစ် ညွန့်ပေါင်းဈေးနားမှာ စဖွင့်တော့ ဘာသင်လို့ သင်ကြရမှန်းမသိ. . .။

အမျိုးသမီး အကနည်းပြအဖြစ် ခန့်အပ်ခြင်းခံရသော ဆရာမကြီး ဒေါ်ဩဘာသောင်းကလည်း ကျောင်းပြတင်းပေါက်မှာ ငေးထိုင်ရင်း ဘာသင်လို့ သင်ရမှန်းမသိ. . .။ အိုးစည်အကပဲ သင်ရမလို၊ အငြိမ့်တော်အကပဲ သင်ရမလို၊ ဒိုးပတ်အကပဲ သင်ရမလို. . .။ ကျောင်းအုပ်ကြီးကလည်း ဆရာမကြီးကို သင်တန်းစဖို့ တတွတ်တွ လုပ်နေပြန်၏။

ဆရာမကြီးက သူ့သင်တန်းကို မစနိုင်သေးတော့ သူ့ဒိုးဆရာစိန်လှမောင်ကလည်း သူ့ဗုံလေးတွေကို ပတ်စာရေစာ မကျေးနိုင်သေး။ ဗုံလေးတွေနဲ့အတူ ငေးငိုင်နေဆဲ. . .။ တကယ်တော့ စိန်လှမောင် ဆိုတာလည်း နယ်နယ်ရရမဟုတ်။ နေမျိုးဗလကျော်သူ ဘွဲ့ခံ ရွာစားကြီးစိန်ဗေဒါ၏ သားတပည့်ဖြစ်သည်။ ဒါပေမယ့် ဆရာမကြီး ခြေချိုးလက်ချိုး မလုပ်သေးသမျှ သူ့ဒိုးလက်သံလည်းမပီ မမြည်နိုင်သေးဘဲ ဖြစ်နေသည်။

၈၃ လမ်းပေါ်မှာ မြင်းလှည်းလေးတွေပဲ ကြို့ကြား ကြို့ကြား တခွပ်ခွပ် သွားနေသည်။ မြစ်ဆိပ်သို့ ဆီတွဲများ ဆွဲသွားသော မီးရထားတစ်စင်းကလည်း ၃၅ လမ်းသံလမ်းအတိုင်း ၈၃ လမ်းကို ဖြတ်သွားသည်။ မီးရထားဖြတ်သွားပြီးနောက်. . . အဝေးဆီမှ သီချင်းသံတစ်သံကို ကြားလိုက်ရ၏။ မထူးဆန်း၊ သည်သီချင်းက ဘယ်နေရာသွားသွား၊ ဘယ်ဓာတ်စက်ကဖွင့်ဖွင့် ဒီသီချင်းပဲဖြစ်နေ၍ မကြားချင်အဆုံး. . .

မေသစ်ရဲ့ " ဖိုးသာအောင်ရေ" တဲ့
" ဖိုးသာအောင်ရေ. . .
တောက်စိုက်ဖို့ လိုက်မလား. . . . လိုက်မလား . . . ." တဲ့

ရိုးအီနေတဲ့သီချင်းဟာ ညွန့်ပေါင်းဈေးပန်တျာကျောင်းထဲက အခန်းလေးတစ်ခန်းထဲ ငေးငိုင်နေသော အကနည်းပြဆရာမကြီး ဒေါ်ဩဘာသောင်းကိုတော့ ဖျတ်ခနဲလှုပ်နှိုးလိုက်သည်။ ရုတ်ခြည်းအနားက ဒိုးဆရာစိန်လှမောင်ကိုခေါ်ပြီး သူကစည်းနှင့်ဝါးကိုင်လိုက်သည်။

"ခုနက ဖိုးသာအောင်သီချင်းကို ဒိုးကွက်ဝင်လိုက်စမ်းပါ"ဟု ပြောလိုက်သောအခါ လမ်းစသည်လည်း ပွင့်သွားလေတော့၏။

"တပ်ဗေတိုးဗေ၊ တပ်ဗေတိုးဗေ
ဂျေးဂျေးတပ်ဂျေး၊ တပ်ဂျေးတပ်"

စိန်လှမောင်၏ဒိုးဆစ်မှာ ဆရာမကြီး ဒေါ်ဩဘာသောင်းက စိတ်ကူးဖြင့် ကကွက်တွေသွင်းကြည့်သည်။ ထိုဒိုးဆစ်နှင့် ကကွက်ကို မှတ်သားထားလိုက်၏။

"ဗေတိုးပတ်၊ ဗေတိုးပတ်"

ဒိုးဆရာစိန်လှမောင်ကလည်း သီချင်းအိုင်းဒိုးချက်တွေ ဆက်တာဆက်တာသွင်းသည်။ သီချင်းဆုံးသော်လည်း တီးနေကျ ဒိုးချက်တွေဆက်တီးသည်။ ဆရာမကြီး ဒေါ်ဩဘာသောင်းကလည်း ဆရာစိန်လှမောင်၏ ဒိုးချက်တွေကို ကကွက်တွေဖြင့် မှတ်သားကြည့်သည်။ ရပြီ။

ဤသို့ဖြင့် ဆရာမကြီးသည် ၃၀ လမ်းက သူ့အိမ်ရောက်တော့ အိမ်ပေါ်ကို အပြေးအလွှားတက်ကာ ဒိုးချက်တွေကိုပါးစပ်မှ အသံတွက်ရင်း ကိုယ်လုံးပေါ်မှန်ကြီးရှေ့ ကကြည့်၏။ ထိုအခါ ကဗျာလွတ်အက ပထမအဆင့် ၂၅ ကွက် မွေးဖွားလာတော့သည်။

တကယ်တော့ ထိုအကကို 'ကဗျာလွတ်'ဟု အမည် မတွင်သေး၊ ဆရာမကြီး ဒေါ်ဩဘာသောင်းက သူ့ဘာသာ ဘာအမည်မှမပေးဘဲ ကျောင်းသူလေးတွေကို သင်ကြားပေးနေခြင်းဖြစ်သည်။

ဆရာမကြီးဒေါ်ဩဘာသောင်းက အခြေခံကကြိုး ၂၅ မျိုးကို စမ်းသပ်ပြီးနောက် မကြာခင်မှာ ရန်ကုန်မြို့ ရွှေတိဂုံဘုရား အနောက်ဘက်မုခ်ပြပွဲအတွက် မန္တလေးပန်တျာကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ဖျော်ဖြေမှုပါဝင်သောကြောင့် ရန်ကုန်သို့ ဆင်းကြရ၏။ ရန်ကုန်တွင် ကပွဲအစီအစဉ်အတွက် ထိုစဉ်က ပြည်ထဲရေးဝန်ကြီးဖြစ်သော ဗိုလ်ခင်မောင်လေးက ဆရာမကြီး ဒေါ်ဩဘာသောင်းနှင့် တွေ့သည်။ ဆရာမကြီးတို့ မန္တလေးကျောင်းက ဘာတွေများ ထူးထူးခြားခြားစီစဉ်ခဲ့ပါသလဲဟု ဗိုလ်ခင်မောင်လေးက မေးသောအခါ ဗုံလေးလုံး၊ စည်းဝါးနှင့်ပဲတီး၍ ကရသော သူတီထွင်ထားသည့် ကကွက် ၂၅ ကွက်ကပြမည့် အစီအစဉ်ကို ဆရာမကြီးဒေါ်ဩဘာသောင်းက ပြောပြသည်။

ထိုအခါဗိုလ်ခင်မောင်လေးက သီချင်းလည်းမပါ၊ တူရိယာလည်း မစုံဘဲ ကလို့ဖြစ်ပါ့မလားဟု စိုးရိမ်တကြီးမေးသည်။ ဆရာမကြီးက က၍ရကြောင်း၊ သူတီထွင်ထားကြောင်း ပြောရာ ဗိုလ်ခင်မောင်လေးက ဘာနာမည်ပေးထားပါသလဲဟုမေးရာ နာမည်မပေးရသေးကြောင်း သိသောကြောင့် မကြာမီ အခမ်းအနားအစီအစဉ်ကြေညာရမှာမို့ ဆရာမကြီးအကက အဆိုမပါ အသံမစုံဆိုတော့ 'ကဗျာလွတ်'လို့ နာမည်ပေးလိုက်ပေါ့ဟု ရုတ်ခြည်းပြောလိုက်သည်။

အစီအစဉ်ကြေညာသောအခါ 'ကဗျာလွတ်' အကဟုပဲနာမည်ပေးကြေညာလိုက်၏။ ဤသို့ဖြင့် ကဗျာလွတ်သည် မြန်မာ့အက သမိုင်းတွင် ပေါ်ထွက်လာတော့သည်။

ဒိုးဆရာစိန်လှမောင် ရန်ကုန်ယဉ်ကျေးမှုဌာနသို့ ပြောင်းသွားသောအခါ အသစ်ရောက်ဒိုးဆရာ ဦးအောင်ကြည်နှင့် ကဗျာလွတ် ဒုတိယ၊ တတိယအဆင့်များကို ဒေါ်ဩဘာသောင်းက ဆက်လက်တီထွင်၏။ ဒိုးဆရာဦးအောင်ကြည်သည် နာမည်ကျော်စန္ဒရား ဦးအုန်းမောင်၏ အစ်ကိုဖြစ်သည်။ ကဗျာလွတ်တတိယအဆင့် တီထွင်ပြီး ဒိုးဆရာ ဦးအောင်ကြည် ကွယ်လွန်သောအခါ ဒိုးဆရာ ဦးဘဦးရောက်လာပြန်သည်။ ဒေါ်ဩဘာသောင်းက ဦးဘဦးနှင့်ကဗျာလွတ် စတုတ္ထအဆင့်၊ ပဥ္စမအဆင့်ကိုဆက်လက်တီထွင်သည်။

တကယ်တော့ ပန်တျာကျောင်းသည် သုံးနှစ်သင်တန်းသာမို့ ကဗျာလွတ်ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယဆင့်နှင့်ပင် လုံလောက်နေပြီဖြစ်၏။ သို့သော် ဒေါ်ဩဘာသောင်းက အမြော်အမြင်ကြီးစွာဖြင့် ပန်တျာသင်တန်းများကို အကယ်၍ ငါးနှစ်အထိတိုးချဲ့ကာ အနုပညာဘွဲ့များ ပေးအပ်နိုင်အောင် တက္ကသိုလ်အဖြစ် ဖွင့်လှစ်ခဲ့သော် အဆင်သင့်ဖြစ်ရန်အတွက် ကဗျာလွတ် စတုတ္ထဆင့်နှင့် ပဥ္စမဆင့်ကိုပါ ဆက်လက်တီထွင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်

# သွားလမ်းသာ၍ပြန်လမ်းကောင်းတော့မည့် ဇလွန်ပြည်တော်ပြန် ဘုရားဖူးခရီးလမ်း

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-မြင့်အောင် (ကော့မှူးဆေး)

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့မှ ဇလွန်ပြည်တော်ပြန် မာန်အောင်မြင်ဘုရားဖူးခရီးသည် ပြီးခဲ့သောအချိန်ပိုင်းအထိ အလွန်ဆိုးရွားခဲ့သော ကျောက်ခင်းလမ်းကြမ်းကြီးဖြစ်သည်။ မိုးကာလ၌ရေတိုက်စားမှု၊ ကားသွားလာမှုတို့ကြောင့် ပျက်စီးမှုများပြားခဲ့ပြီး ပွင့်လင်းရာသီ၌ ပြန်လည်ပြုပြင်ဖာထေးမှုများ နှစ်စဉ်ပြုလုပ်ခဲ့ကြရသည်။ သို့သော် နောင်နှစ်မိုးကာလ၌ ပြန်လည်ပျက်စီးခဲ့သောလမ်းဖြစ်သည်။

ယခုအခါ ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်းမြို့အဝင်တံတား)မှ ဇလွန်မြို့ဝင် အထိ ၃၅ မိုင် ၇ ဖာလုံ) ပြန်လည်ခင်းနေပြီဖြစ်သည်ကို တွေ့ရသည်။ **(ယာဝုံ)** တံတားအဆင်း ၀၀ မိုင်မှ ၁၀ မိုင် ၅ ဖာလုံအထိအား ပြည်သူ့ဆောက်လုပ်ရေးမှ ကွန်ကရစ်လမ်းအဖြစ်ခင်းနေသည်မှာ ခရီးမိုင်အတော်ရောက်နေပြီဖြစ်သည်။

ကြိမ်ပင်ဆည်မှသည် စကြော့၊ ခနေဖြူ၊ ဇလွန်မြို့အဝင်အထိ ၂၄ မိုင် ၂ ဖာလုံကို နိုင်လွန်ကတ္တရာလမ်းခင်းနေပြီဖြစ်သည်။ ယခုအခါ ခနေဖြူမြို့နယ်ကိုကျော်၍ ဇလွန်မြို့နယ်အတွင်းရှိ မေရိလန်း၊ အိုးဘို၊ ရွှေကျောင်း၊ ရုံးကြီးကျေးရွာအုပ်စုအနီးလမ်းမကြီးသို့ ရောက်ရှိနေပြီဖြစ်သည်။ လုပ်ငန်းအားဖြင့် ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီး မတ်လအကုန်ပိုင်းရက်များအတွင်း လမ်းဖွင့်ပွဲ ကျင်းပသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မေရိလန်းကျေးရွာမှ ဦးစံဝင်းက "ဒီလမ်းက အလွန်ကြမ်းခဲ့တာ။ နွေဆို ဖုန်အလုံးလုံးနဲ့ ခရီးသွားတွေရော ဒေသခံတွေပါ ဒီဒဏ်တွေကို နှစ်တိုင်းခံစားလာခဲ့ရတာ။ အခု နိုင်လွန်ကတ္တရာလမ်း ခင်းလိုက်ပြီဆိုတော့ ဒီဒုက္ခတွေကလွတ်တော့မှာပါ။ နောက်တစ်ချက်က ရွာအဝင်လမ်းတွေနဲ့ လမ်းမကြီး အဆက်အစပ်တွေကိုပါ ခင်းပေးတော့ ပိုကောင်းသွားပါတယ်" ဟု ပြောသည်။

လမ်းတစ်လျှောက် ခင်းကျင်းမှုမှာ မကြာမီပြီးစီးတော့မည်ဖြစ်၍ ထိုလမ်းကြီး ခင်းပြီးသွားပါက ဒေသခံပြည်သူများ၏ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတို့စွာ အဖြာဖြာတို့သည် ယခင်ကထက် အချိန်တိုအတွင်း သက်သာလျင်မြန်စွာ သွားလာနိုင်ကြတော့မည်ဖြစ်ရာ ဇလွန်ပြည်တော်ပြန် ဘုရားဖူးခရီးစဉ်တွင် သွားလမ်းသာ၍ ပြန်လမ်းကောင်းတော့မည်ဖြစ်ကြောင်း သိရသည်။ ။



# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများ အခြေခံပညာကျောင်းများတွင် သင်ကြားနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်

မြစ်ကြီးနား ဇန်နဝါရီ ၂၆

ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် Spectrum- (Sustainable Development Knowledge Network) တို့ပူးပေါင်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင်ခန်းစာများအခြေခံပညာကျောင်းများတွင် သင်ကြားနိုင်ရေး ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၃ ရက်က မြစ်ကြီးနားမြို့ရှိ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို Spectrum-SDKN မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် ငယ်ရွယ်စဉ်မှစ၍ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရေး သိလွယ်တတ်လွယ်စေနိုင်မည့် ကာတွန်းရုပ်ပုံများပါ ပုံပြင်စာအုပ်ခုနစ်အုပ်နှင့် ဆရာကိုင်လက်စွဲစာအုပ်ပါ သင်ကြားရေးနည်းစနစ်များအတိုင်း သင်ကြားပေးနိုင်ရေးဆင့်ပွားဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် မြန်/ဆက်)**

# ရွှေတိဂုံစေတီတော် စေတီယင်္ဂဏရာပြည့်ပွဲတော် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၆

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့က ကြီးမှူး၍ စေတိယင်္ဂဏပရိယတ္တိမဟာနဂ္ဂဟ စာပြန်ပွဲကို ၁၉၁၈ ခုနှစ်မှ စတင်၍ နှစ်စဉ်နှစ်တိုင်း စဉ်ဆက်မပြတ် ကျင်းပလာခဲ့ရာ လာမည့် ၂၀၁၇ ခုနှစ်တွင် အကြိမ် ၁၀၀ မြောက် ကျင်းပမည်ဖြစ်ရာ သာသနာ့အာဇာနည် သံဃာတော်များအားလုံးကို ပင့်လျှောက်တော်မူမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ စေတိယင်္ဂဏ နှစ် ၁၀၀ ပြည့် မဂ္ဂဇင်းကိုလည်း ထုတ်ဝေမည်ဖြစ်သည်။ စာပြန်ပွဲများ၌ အောင်မြင်တော်မူခဲ့ကြသော သံဃာတော်အရှင်သူမြတ်များသည် အောင်မြင်ကြောင်း အထောက်အထားတစ်ခုခုဖော်ပြ၍ စေတိယင်္ဂဏရာပြည့်ပွဲတွင် ပေါင်းစည်းပါဝင်ကြပါရန် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

**ကိုချစ်**

# မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

လက်ပံတန်း ဇန်နဝါရီ ၂၆

လက်ပံတန်းမြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်တားဆီးရေးနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မွှယ်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအုန်းမြင့်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ မြို့နယ် မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များနှင့် ဈေးသူဈေးသားများက စုပေါင်းသရုပ်ပြခဲ့ကြောင်း သိရသည်။

**(မြို့နယ် မြန်/ဆက်)**



အသစ်ပြန်လည်ဆောက်လုပ်နေသော ကျေးရွာချင်းဆက်တံတားကို တွေ့ရစဉ်။

# ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ကျေးရွာချင်းဆက်တံတား ပြန်လည်ဆောက်လုပ်

မိုးညှင်း ဇန်နဝါရီ ၂၆

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာနှင့် မြိုင်သာယာကျေးရွာချင်းဆက်တံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို ပင်လုံကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆောင်၍ ကျေးရွာသားများနှင့်အတူ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်တံတားသည် မိုးတွင်းကာလတွင် ရေတိုက်စားမှုကြောင့် မျောပါပျက်စီးခဲ့ရာ ယခု အသစ်တစ်ဖန် အရှည် ပေ ၂၄၀၊ အနံ ၁၅ ပေ၊ အမြင့် ၁၅ ပေ ကွန်ကရစ်တိုင်စိုက် မျောတိုင်ခံ သစ်သားကြမ်းခင်း တံတားကို တည်ဆောက်သွားမည်ဟု သိရသည်။

ယခင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် လေးတန်ချောင်းအား ကျေးရွာချင်းဆက် မြိုင်သာယာရွာနှင့်ပင်လုံကျေးရွာသို့ ဆက်သွယ်ဆောက်လုပ်ထားသည့် တံတားသည် မိုးတွင်းကာလ ရေတိုက်စားမှုကြောင့် သွားလာမှုအလွန် ခက်ခဲသောကြောင့် ယခုကဲ့သို့ အသစ်တစ်ဖန် ဆောက်လုပ်ခဲ့သဖြင့် ပြီးစီးပါက ဒေသခံပြည်သူများ သွားလာရေး အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

# ရိုးကူးတံတားဖြင့် သွားလာမှုအဆင်ပြေ

တပ်ကုန်း ဇန်နဝါရီ ၂၆

နေပြည်တော်တပ်ကုန်းမြို့နယ် ညောင်ငါးပင်(လ) ကျေးရွာအဝင်ရှိ ရိုးကူးတံတား တည်ဆောက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ နေ့စဉ်ဖြတ်သန်းသွားလာရာတွင် အဆင်ပြေလာကြောင်း သိရသည်။

အဆိုပါတံတားသည်အရှည်ပေ ၄၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိသည့် ရိုးကူးတံတားဖြစ်ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုငွေကျပ် ၂၃ ဒသမ ၁ သန်း အကုန်ကျခံ၍ ဇန်နဝါရီလတတိယပတ်က တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# လောက်ကိုင်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တူညီဝတ်စုံပေးအပ်

လောက်ကိုင် ဇန်နဝါရီ ၂၆

လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်မှ လေ့ကျင့်ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များ တူညီဝတ်စုံပေးအပ်ပွဲကို ဇန်နဝါရီ ၂၂ ရက်က လောက်ကိုင်မြို့ရှိ မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက အရန်မီးသတ်သင်တန်းသား ၁၂၇ ဦး အတွက် တူညီဝတ်စုံများပေးအပ်ပြီး သင်တန်းသားများအတွက် အာဟာရစားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခဲ့သည်။

**ဘဦး(မြန်/ဆက်)**

# ဘာစီလိုနာအတွက် အောင်ပွဲရဦးမယ့် စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်

မိုးမြင့်လင်းလက်




**စပိန်ဘုရင့်ဖလားကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွေကို ဇန်နဝါရီ ၂၇ ရက်နဲ့ ၂၈ ရက်တွေမှာ ယှဉ်ပြိုင်ကစားဖို့ရှိနေပါတယ်။ ပထမအကျော့ ပွဲစဉ်မှာ ရလဒ်မပြတ်သားခဲ့တဲ့ အသင်းကြီးတွေအတွက်တော့ ဒီပွဲဟာအရေးကြီးတဲ့ အဆုံးအဖြတ်ဖြစ်တာမို့ ကစားသမားအစုံအလင်နဲ့ ပွဲထွက်လာပါလိမ့်မယ်။ အသင်းတိုင်းဟာ နောက်တစ်ဆင့်တက်ရေး ရှုံးကန်ကြရမှာမို့ ပရိသတ်အကြိုက်ပွဲတွေအဖြစ် အားပေးကြရပါဦးမယ်။**

### ဘာစီလိုနာနှင့် ဘီလ်ဘာအို

ပထမအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရထားတဲ့ ဘာစီလိုနာတို့ဟာ အခုပွဲမှာ ရလဒ်ပြတ်သားဖို့အတွက် တိုက်စစ်အားကို အပြည့်အဝအသုံးပြုပါလိမ့်မယ်။ ပထမအကျော့မှာ အကြိတ်အနယ်ကစားခဲ့ရတဲ့ ဘာစီလိုနာတို့အတွက်တော့ အခုပွဲအိမ်ကွင်းမှာ တိုက်စစ်ဖွင့်ကစားမှာပြစ်ပြီး ဂိုးမပေးရရေးအတွက်လည်း သတိပြုကစားသွားမှာပါ။ ဘာစီလိုနာကွင်းမှာဆိုရင် ဘီလ်ဘာအိုတို့ ဂိုးပြတ်ရှုံးတတ်တာမို့ အခုပွဲမှာလည်း ဘီလ်ဘာအိုတို့ ဂိုးပြတ်မရှုံးဖို့ကာကွယ်ရုံကလွဲပြီး အနိုင်ရဖို့ဆိုတာ မျှော်မှန်းလို့မရနိုင်ပါဘူး။ ဘီလ်ဘာအိုဟာ ဘာစီလိုနာကွင်းမှာ ကစားတိုင်း ပွဲကျပ်အပြစ် ခက်ခက်ခဲခဲကစားရတာချည်းဖြစ်လို့ ဒီအဆင့်မှာ ဘီလ်ဘာအိုတို့ စပိန်ဘုရင့်ဖလားပွဲက လက်ပြနှုတ်ဆက်ထွက်ခွာသွားမှာသေချာပါတယ်။

### အက်သလက်တီကိုနှင့် ဆယ်လ်တာဗီဂို

စပိန်ဘုရင့်ဖလားကိုရယူဖို့ မျှော်မှန်းနေတဲ့ အက်သလက်တီကိုတို့ဟာ အခုပွဲကိုတော့ ပြတ်သားတဲ့ အနိုင်ရလဒ်ကိုဖော်ထုတ်ပြီး ချန်ပီယံခြေစွမ်းရှိကြောင်းပြသပါလိမ့်မယ်။ အက်သလက်တီကိုတို့က အသင်းလိုက်ရော တစ်ဦးချင်းပါ စွမ်းရည်မြင့်မားတာမို့ အခုပွဲမှာ အဲဒီစွမ်းဆောင်မှုတွေကို ပြသပါလိမ့်မယ်။ လောလောဆယ်ခြေစွမ်းပိုင်းကိုကြည့်ရင် တည်ငြိမ်နေပြီး အမှတ်ဆုံးရှုံးမှုနည်းအောင် အားထုတ်နိုင်တာမို့ အက်သလက်တီကိုဟာ ဒီပွဲမှာတော့ အနိုင်ရလဒ်ကို ပွေ့ပိုက်ပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်ပါလိမ့်မယ်။ ဆက်လ်တာဗီဂိုတို့ကတော့ အခုပွဲက အဝေးကွင်းမှာ ကစားရတာဖြစ်တာမို့ အက်သလက်တီကိုတို့ရဲ့ ဖိအားပေးကစားမှုကို တုံ့ပြန်ရင်းနဲ့ပဲ အချိန်ကုန်ကာ ဒီနှစ်ရဲ့ စပိန်ဘုရင့်ဖလားပွဲခရီးစဉ် အဆုံးသတ်ပါလိမ့်မယ်။

### လက်စ်ပါးမက်နှင့် ဗလင်စီယာ

ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့အတွက် အခုပွဲဟာ ဗလင်စီယာအတွက် ခက်ခဲမယ့်ပွဲပါပဲ။ ရီးရဲမက်ဒရစ်ကို သရေကစားခဲ့တဲ့ ခြေစွမ်း၊ ဂရန်နာဒါကို လေးဂိုးပြတ်သွင်းပြီး နိုင်ပွဲရယူခဲ့တဲ့ခြေစွမ်းတွေမျိုးရခဲ့ရင်တော့ ဗလင်စီယာတို့အတွက် ဒီပွဲဟာ မျှော်လင့်ချက်တွေ ဆက်လက်ရှင်သန်စေမယ့်ပွဲ ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် လက်စ်ပါးမက်တို့က အခုတလော ခြေစွမ်းတက်နေတဲ့ ကာလဖြစ်နေတာမို့ ဗလင်စီယာအတွက် အသက်ရှူမှားအောင် ကစားရမယ့် အနေအထားပါပဲ။ ဒါပေမယ့် လက်စ်ပါးမက်တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်ကျဆင်းနေတာမို့ ဗလင်စီယာတို့ အခွင့်အရေးကောင်းလည်း ရသွားနိုင်ပါတယ်။

### မီရန်ဒက်စ်နှင့် ဆီဗီလာ

မာလာဂါကိုနိုင်ပြီး ဒီပို့တီဗိုကိုလည်း အနိုင်ကစားခဲ့တာမို့ ဒီအဆင့်ကို တက်ရောက်လာတဲ့ မီရန်ဒက်တို့က အခုပွဲကို အလေးအနက်ထားကစားပါလိမ့်မယ်။ ဒါပေမယ့် မီရန်ဒက်စ်တို့က ခြေစွမ်းမတည်ငြိမ်တဲ့အပြင် ကွင်းလယ်ပိုင်းအားနည်းချက်ရှိတာမို့ ဆီဗီလာဟာ အဝေးကွင်းဆိုပေမယ့် နိုင်ပွဲအဖြစ် ပုံဖော်နိုင်မလားကြည့်ရမှာဖြစ်ပါတယ်။ ဆီဗီလာရဲ့ ဖြတ်သန်းလာခဲ့မှုကိုကြည့်ရင် လူဂရိုနက်စ်နဲ့ ဘာက်တစ်အသင်းတွေကို နိုင်ပွဲရယူခဲ့ပြီး ဒီအဆင့်အထိ တက်ရောက်ခဲ့တာမို့ အခုပွဲမှာလည်း အနိုင်ရလဒ်ကို သိမ်းပိုက်ကာ အကြိုဗိုလ်လုပွဲအထိ တက်လှမ်းဖို့ ကြိုးစားပါလိမ့်မယ်။



# နိုင်ပွဲတွေဆက်တိုက်ရနေတဲ့ ဂျူဗင်တပ်စ်

အီတလီစီးရီးအေမှာ ဂျူဗင်တပ်စ်အနေနဲ့ နိုင်ပွဲတွေဆက်တိုက်ရရှိနေပါတယ်။ ရိုးမားကိုတစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရလိုက်တဲ့ပွဲဟာ ဂျူဗင်တပ်စ်အသင်းရဲ့ ၁၁ ပွဲဆက်တိုက် အနိုင်ရတဲ့ပွဲဖြစ်ပါတယ်။ ပေါ်လိုဒိုင်ဘာလာရဲ့ တစ်လုံးတည်းသော နောက်ကျဂိုးနဲ့ ဂျူဗင်တပ်စ်က ၁၁ ပွဲဆက်တိုက် အောင်ပွဲခံခဲ့တာဖြစ်ပါတယ်။ ဒီပွဲအပြီး ဂျူဗင်တပ်စ်အသင်းဟာ ထိပ်ဆုံးရောက် နာပိုလီအသင်းရဲ့ နောက်မှ နှစ်မှတ်ခွာပြီး လိုက်လာပါတယ်။ ရိုးမားအသင်းဟာ ရှစ်ပွဲမြောက် ရှုံးပွဲမရှိ စံချိန်ကို ထိန်းထားဖို့ ကြိုးစားခဲ့ပေမယ့် မအောင်နိုင်ခဲ့ပါဘူး။ ဒိုင်ဘာလာရဲ့ဂိုးနဲ့ အဆုံးသတ်ခဲ့ရပါတယ်။ ဒိုင်ဘာလာဟာ ဒီရာသီမှာ ၁၄ ဂိုးမြောက် သွင်းယူခဲ့တာဖြစ်ပါတယ်။ ဒိုင်ဘာလာရဲ့ ဂိုးတွေကြောင့် ဂျူဗင်တပ်စ်အသင်းဟာ ငါးကြိမ်ဆက်တိုက် စီးရီးအေချန်ပီယံဖြစ်ဖို့ အလားအလာရှိနေပါတယ်။ ဒိုင်ဘာလာနဲ့ ပေါ့ဂ်ဘာတို့ဟာ ဂျူဗင်တပ်စ်ကို အကောင်းဆုံး ဦးဆောင်ကစားနေကြတာပါ။

ကောင်းမြတ်သူ - စုစည်းသည်။

# ချယ်လ်ဆီးကို ပြန်လာဖို့မရှိဘူးဆိုတဲ့ ဒရော့ဘာ



ချယ်လ်ဆီးကိုပြန်လာဖို့ရှိတယ်လို့ ထင်ကြေးပေးနေတဲ့ တိုက်စစ်မှူးဟောင်း ဒရော့ဘာဟာ စတမ်းဖို့ဘရစ်ကို ပြန်လာဖို့မရှိဘူးလို့ အခိုင်အမာပြောဆိုလိုက်ပါတယ်။ မေဂျာလိဂ်ကလပ်ဖြစ်တဲ့ မွန်ထရီရယ်မှာပဲ ဆက်လက်ရှိနေမယ်လို့ ဆိုပါတယ်။ ဒရော့ဘာဟာ ရာသီအကြိုပြိုင်ပွဲတွေ အတွက် ပြန်လည်လေ့ကျင့်မှုတွေပြုလုပ်တော့မယ်လို့ မွန်ထရီရယ်က ကြေညာလိုက်ပါတယ်။ အသက် ၃၇ နှစ်အရွယ်ရှိတဲ့ တိုက်စစ်မှူး ဒရော့ဘာဟာ ရာသီအကြိုပြိုင်ပွဲအတွက် ကာတာနိုင်ငံသို့ သွားရောက်နေပြီဖြစ်ပါတယ်။ ဒရော့ဘာနဲ့ ချယ်လ်ဆီးတာဝန်ရှိသူတွေဟာ ဒီဇင်ဘာလအတွင်းမှာ ဆွေးနွေးမှုတွေပြုလုပ်ခဲ့ကြပါတယ်။ ချယ်လ်ဆီးအသင်းမှာ ပြန်ကစားပေးလိမ့်မယ်လို့ ကောလာဟလတွေဖြစ်နေချိန်မှာ ဆွေးနွေးခဲ့ကြတာပါ။ သို့ပေမယ့် အောင်မြင်မှုမရခဲ့ပါဘူး။ ဒရော့ဘာဟာ နည်းပြဟောင်း မော်ရင်ဟိုလက်ထက်မှာ အောင်မြင်ခဲ့တဲ့ ကစားသမားဖြစ်ပြီး ချယ်လ်ဆီးအသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားအထိ ဆွတ်ခူးနိုင်ခဲ့ပါတယ်။

# မန်ယူကို ထောက်ခံတဲ့ပရိသတ် လျော့နည်းလာပြီ

မန်ချက်စတာယူနိုက်တက်အသင်းဟာ ကမ္ဘာမှာ လူကြိုက်အများဆုံးအသင်းပါ။ နည်းပြ ဗန်ဟားလ်လက်ထက်မှာ ရှုံးပွဲတွေဆက်ခဲ့ပြီးနောက် မန်ယူပရိသတ်တွေ ကျဆင်းလာတယ်လို့ နည်းပြဗန်ဟားလ်က ဝန်ခံပြောဆိုလိုက်ပါတယ်။ ဆောက်သမ်တန်ကို မန်ယူရဲ့ အိမ်ကွင်းမှာ တစ်ဂိုး-ဂိုး မရှိနဲ့ ရှုံးနိမ့်ခဲ့ပြီးနောက် ပရိသတ်ထောက်ခံမှု ကျဆင်းသွားခဲ့တယ်လို့ ဆိုပါတယ်။ မန်ယူ အသင်းအနေနဲ့ အိမ်ကွင်းမှာ ၁၁ ပွဲမြောက် ဂိုးသွင်းနိုင်ခဲ့ခြင်းမရှိခဲ့ပါဘူး။ လက်ရှိ မန်ယူ အသင်းဟာ ပရီမီယာလိဂ်အမှတ်ပေး ဇယားမှာ ပဥ္စမနေရာမှာ ရပ်တည်လျက်ရှိပါတယ်။ ထိပ်ဆုံးရောက် လီဆက်စတာ အသင်းနဲ့ ၁၀ မှတ်ကွာပြီး စတုတ္ထနေရာက စပါးနဲ့ လေးမှတ်ကွာနေပါတယ်။ မန်ယူ အသင်းအနေနဲ့ ၂၃ ပွဲ ကစားရာမှာ ၃၇ မှတ်သာ စုဆောင်းနိုင်ပါတယ်။ ပရီမီယာ လိဂ်သမိုင်းတစ်လျှောက်မှာတော့ ရမှတ် အနည်းဆုံး စုဆောင်းနိုင်မှုဖြစ်ပါတယ်။



# ရွှေပြည်သာမြို့နယ် အမိုးကြီးဈေးသစ် ဈေးဆိုင်ခန်းနေရာချထားပေးရေး တာဝန်ရှိဈေးသာယာရေးအဖွဲ့ကို အသစ်ပြန်လည်ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရွှေပြည်သာမြို့နယ် အမှတ်(၉) ရပ်ကွက်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက တည်ဆောက်လျက်ရှိသော အမိုးကြီး အဆင့်မြင့်တစ်ထပ်ဈေးသစ်ကြီးတည်ဆောက်မှုများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်၍ မကြာမီ ဖွင့်လှစ်တော့မည့်အချိန်တွင် ဆိုင်ခန်းနေရာများ ချထားပေးနေခြင်းနှင့်ပတ်သက်၍ ကျေနပ်မှုမရှိသော ဈေးသည်များက မြို့နယ်စည်ပင်သာယာသို့ သွားရောက်တိုင်တန်းခဲ့သောကြောင့် ဈေးသာယာရေးအဖွဲ့သစ်ကို ပြန်လည်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။




အမိုးကြီးဈေးသစ်တွင် ဆိုင်ခန်းများကို ခြောက်ပေပတ်လည်အကျယ် တစ်ခန်းလျှင် ကျပ် ၄၆၈၀၀၀ နှုန်း၊ ၁၀ ရစ်ကျသွင်းစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း၊ ဝယ်ယူလိုသော လမ်းဘေးဈေးသည်များအား ဈေးသာယာရေးအဖွဲ့သို့ စာရင်းပေးသွင်းစေခဲ့ကြောင်း သိရသည်။ ထို့နောက် ဇန်နဝါရီ ၅ ရက်က သက်ဆိုင်ရာ တာဝန်ရှိသူများရှေ့တွင် မဲနှိုက်၍ နေရာများသတ်မှတ်ပေးခဲ့ကြောင်း၊ ဈေးသာယာရေးကော်မတီက ထိုဆိုင်ခန်းနေရာများကို ဈေးသည်များအား နေရာချထားပေးရာတွင် ကျေနပ်မှုမရှိသောကြောင့် ဈေးသည် ၃၀ က တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဈေးသည်များ၏ တိုင်ကြားမှုအရ အမိုးကြီးဈေးသစ်တွင် အမှန်တကယ် ဈေးရောင်းချသူများအနေဖြင့် ဆိုင်ခန်းများရရှိစေရေးအတွက် ဈေးများဌာနမှ ဌာနမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ပုံကျဈေးသည်များ ပါဝင်သည့် အစည်းအဝေးကို မြို့နယ်စည်ပင်သာယာရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ဆိုင်ခန်းများ ချပေးရာ၌ ပွင့်လင်းမြင်သာမှုရှိစွာဖြင့် ချပေးရန်နှင့် ပထမဦးစားပေးအနေဖြင့် အမှန်တကယ် ဈေးရောင်းချသော လမ်းဘေးပုံကျဈေးသည်များ၊ ဒုတိယဦးစားပေးအနေဖြင့် ပုံကျဈေးရှိ အိမ်ပေါက်ဈေးသည်များနှင့် တတိယဦးစားပေးအနေဖြင့် အခြားနေရာများတွင် ဈေးရောင်းချနေသူများကို နေရာချထားပေးရန်၊ အမှန်တကယ် ဈေးရောင်းခြင်းမရှိသူများကို လုံးဝနေရာမပေးရန်တို့ကို ဆုံးဖြတ်ချက်ချကာ ဈေးသာယာရေးအဖွဲ့သစ် ဖွဲ့စည်းရန်လည်း သဘောတူခဲ့ကြောင်း သိရသည်။

"အခု ဘယ်လိုဖြစ်နေလဲဆိုတော့ အခွင့်အရေးယူမယ့်လူတွေက ဈေးမရောင်းလည်း အရောင်းပြပြီး ဆိုင်ခန်းယူတယ်။ ပြီးတော့ အမြတ်တင်ပြန်ရောင်း ကြတယ်။ တချို့ ဈေးလုံးဝမရောင်းတဲ့ လူတွေကလည်း ဆိုင်ခန်းယူထားကြတယ်။ ပုံကျဈေးသည်နေရာကိုလည်း ကောင်းမွေ့ ညွှန့်မွေ့ဆိုတဲ့နေရာကို ယူထားကြတာ တွေ့ရတယ်။ ဈေးအတွင်း ဆိုင်ခန်းရရှိမှုက စီးပွားရေးဈေးကွက်တစ်ခုလို ဖြစ်နေတယ်။ ဒါကို သက်ဆိုင်ရာဌာနနဲ့ အဖွဲ့အစည်းတွေက ဦးဆောင်ပြီး ညီညွတ်မျှတစွာလုပ်မှ ဈေးသစ်ကြီး အမြန်ဖွင့်လှစ်နိုင်မယ်"ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အမိုးကြီးဈေးသစ်သည် စုစုပေါင်း အကျယ် ပေ (၅၅၀×၄၄၀)ရှိပြီး တစ်ရုံလျှင် အကျယ် (၇၆×၇၀) ပေရှိ ဈေးရုံလေးရုံ၊ ဆိုင်ခန်းပေါင်း ၂၈၈ ခန်း ပါဝင်ကာ ကျန်မြေနေရာတွင် ပုံကျဈေးကွက်၊ ကားပါကင်၊ အများသုံးသန့်စင်ခန်း၊ သုံးရေတာကန်နှင့် မြောင်းရိုးများ စနစ်တကျ တည်ဆောက်ထားသည်။

ရွှေပြည်သာမြို့နယ် အမှတ်(၉)ရပ်ကွက်တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနပိုင် ငမောက်ဈေးနှင့် အမိုးကြီးဈေး နှစ်ခုရှိကြောင်း သိရသည်။

**မြင့်သန်းကြည်**
**(ရွှေပြည်သာ)**



## သုံးခွမြို့ ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီကြွချီအပူဇော်ခံ

**သုံးခွ ဇန်နဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၁၁)ရပ်ကွက် မဟာအတုလဝေယံ သာသနာ့ဗိမာန်တော် ဂန္ဓကုဋိတိုက်တော်၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဇန်နဝါရီ ၂၄ ရက်က မြို့ပေါ် ရပ်ကွက်များသို့ လှည့်လည်ပင့်ဆောင် အပူဇော်ခံခဲ့ကြောင်း သိရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သာသနာ့ဗိမာန်တော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဒေသစာရီ လှည့်လည်အပူဇော်ခံခဲ့ခြင်းဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ သာသနာ့ဗိမာန်တော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးနှင့် ဘာသာရေး အသင်းဝင်များ၊ ဒေသခံပြည်သူများက စွယ်တော်ပင့်ဆောင်ရေး မော်တော်ယာဉ်များဖြင့် ခမ်းနားစည်ကားစွာ ပင့်ဆောင်ကာ အပူဇော်ခံခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ပျဉ်းမနားမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၆**

နေပြည်တော် ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရတနာ့မွန်ခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သင်းသင်းဇင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး ဒက္ခိဏခရိုင် ပညာရေးမှူး ဦးအောင်ကျော်စိုးက အမှာစကားပြောကြားသည်။ ပွဲတော်တွင် ကျောင်းသားကျောင်းသူများ၏ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ဇန်နဝါရီ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကြီးကျော်(ပျဉ်းမနား)**

# ဓာတ်အားအပြည့်အဝရရှိရေးအတွက် ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများ တည်ဆောက်

**ဝါးခယ်မ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့တွင် ဒေသခံပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိအသုံးပြုနိုင်စေရန် ရည်ရွယ်၍ ကမ်းနားလမ်းနှင့် ပန်းခြံထိပ်တွင် ၁၁ ကေဗွီလိုင်း ၆၀၀ ပေနှင့် (၁၁/၀.၄)ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်တစ်လုံးကို တည်ဆောက်လျက်ရှိသည်။

ဝါးခယ်မမြို့တွင် ဆေးရုံရပ်ကွက်၊ မင်းပိုင်းရပ်ကွက်၊ ပတ္တမြားရပ်ကွက်နှင့် ကမ်းနားလမ်းများသို့ ဓာတ်အားပေးရာ၌ ဆေးရုံရပ်ကွက်ရှိ ၂၅၀ ကေဗွီအေထရန်စဖော်မာမှ ဓာတ်အားရယူ သုံးစွဲရပြီး ဓာတ်အားအသုံးပြုမှု များလာသည်နှင့်အမျှ ဗို့အားလျော့နည်းကျဆင်းနေသဖြင့် ဓာတ်အားသုံးစွဲသူ ပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရန်အတွက် ၂၀၀ ကေဗွီအေ ထရန်စဖော်မာသစ်ကို တိုးချဲ့တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ထရန်စဖော်မာသစ် တည်ဆောက်ခြင်းအပြင် ဟောင်းနွမ်းဆွေးမြည့်နေသော သစ်သားဓာတ်တိုင်များကို ကွန်ကရစ်ဓာတ်တိုင်သစ်များဖြင့် လဲလှယ်ခြင်း၊ လက်ရှိအသုံးပြုနေသည့် ရှုပ်ထွေးနေသော ဆားဗစ်ကြိုးများ ရှင်းလင်းစေရန်အတွက် ၂၃၀ ဗို့ဓာတ်အားလိုင်းသစ် တိုးချဲ့သွယ်တန်းပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာဇော်က ပြောသည်။

ထရန်စဖော်မာသစ် တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းလုပ်ငန်းများ အားလုံးပြီးစီးပါက ဓာတ်အားသုံးစွဲသူ ပြည်သူများအနေဖြင့် ဗို့အားပြည့်ဝစွာ ရရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**



## သက်ကြီးပူဇော်ပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် သံဃာ့ဒါနဆွမ်းလောင်းပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂၆**

မော်လမြိုင်ကျွန်းမြို့နယ် ပိသာကျေးရွာအုပ်စု ပိသာ၊ ညောင်ပိတ်၊ ရုံးကုန်းနှင့် ကျီးချောင်း ကျေးရွာလေးရွာမှ ဒေသခံပြည်သူများ စုပေါင်းကျင်းပသော ပဉ္စမအကြိမ်မြောက် အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲ၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် သံဃာ့ဒါန ဆွမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၄ နှင့် ၂၅ ရက်က ကျင်းပခဲ့သည်။

ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့သော ဘိုးဘွားပူဇော်ပွဲတွင် ပိသာကျေးရွာကျောင်းတိုက်ဆရာတော်က သြဝါဒချီးမြှင့်ပြီး ကျေးရွာလေးရွာမှ အသက် ၈၀ နှင့်အထက် ဘိုးဘွားများအား လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများဖြင့် ပူဇော်ကန်တော့သည်။ ထို့နောက် ညနေ ၆ နာရီတွင် နိဗ္ဗာန်ဈေးဖွင့်လှစ်၍ ရိုးရာမုန့်အမျိုးပေါင်း ၂၀ ကျော်ကို လှူဒါန်းကျွေးမွေးခဲ့ကြသည်။ ဇန်နဝါရီ ၂၅ ရက်တွင် ကျေးရွာပေါင်းစုံရှိ ဘုန်းတော်ကြီးကျောင်း ၁၇ ကျောင်းမှ သံဃာတော်အပါး ၁၀၀ ကျော်အား အရုဏ်ဆွမ်းလောင်းလှူပြီး ငွေပဒေသာပင် ၁၇ ပင်ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# ဆေးပညာသတင်းဆန်းများ (၁၂၃) ဒေါက်တာကံညွန့်

**သားအိမ်အစားထိုးကုသမှု**

ယခုဖော်ပြလိုတဲ့သတင်းက ခွဲစိတ်ကုပညာနဲ့ဆိုင်ပါတယ်။ ခွဲစိတ်ကုပညာရဲ့ ကဏ္ဍတစ်ခုဖြစ်တဲ့ ကိုယ်ခန္ဓာအစားထိုးခွဲစိတ်ကုသရာမှာ အမျိုးသမီးတွေအတွက် သားအိမ်အစားထိုးကုသမှုလည်း အောင်မြင်နေပြီဆိုတဲ့သတင်းပါ။ မွေးရာပါချို့ယွင်းချက်ကြောင့်သော်လည်းကောင်း၊ ရောဂါတစ်ခုခုကြောင့်သော်လည်းကောင်း၊ ကင်ဆာရောဂါကြောင့်သော်လည်းကောင်း၊ သားအိမ်ထုတ်လိုက်ရသူ အမျိုးသမီးဟာ သားသမီးမွေးဖို့ အခွင့်အရေးပြန်ရနိုင်တယ်လို့ဆိုပါတယ်။ ဒီကုသမှုကိုတော့ ဆွီဒင်နိုင်ငံက ဆေးပညာရှင်တွေ ပြုလုပ်ခဲ့ကြတာဖြစ်ပါတယ်။ ဆွီဒင်နိုင်ငံသူတစ်ဦးဟာ မွေးကတည်းက သားအိမ်မပါလာတာကြောင့် ကလေးမရနိုင်ဖြစ်ခဲ့ပါတယ်။ သူဟာ ၂၀၁၄ နှစ်အစမှာ အသက် ၆၁ နှစ်အရွယ် သူ့မိတ်ဆွေတစ်ဦးလှူဒါန်းတဲ့သားအိမ်ကို အစားထိုးကုသမှုခံယူခဲ့ပါတယ်။ သူဟာ ဖန်ပြွန်သန္ဓေသားမွေးနည်းအရ သန္ဓေရယူပြီး ၂၀၁၅ နှစ်ကုန်ပိုင်းမှာ သားဦးတစ်ဦးကို အောင်မြင်စွာ မွေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ ဒီနည်းမျိုးနဲ့ ဆွီဒင်နိုင်ငံမှာ ကလေးမွေးခဲ့သူ လေးဦးခန့်ရှိနေပြီဖြစ်ကြောင်း ဆွီဒင်နိုင်ငံ University of Gothenburg မှ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး Dr. Mats Brannstrom ရဲ့ ပြောပြချက်ကို တင်ပြလိုက်ရပါတယ်။

**သွေးထွက်ဆိုးကျိုးနည်းတဲ့ သွေးခဲမှုကာကွယ်ဆေး**

ယခုဖော်ပြလိုတဲ့သတင်းတစ်ပုဒ်ကတော့ သွေးခဲတာကို ကာကွယ်မယ့် အသစ်ပေါ်လာတဲ့ ဆေးတစ်ခုအကြောင်းပါ။ ဒီဆေးနာမည်ကတော့ XARELTO ခေါ်တဲ့ ဆေးဖြစ်ပါတယ်။ ဒီဆေးကို နာမည်ကြီးဆေးကုမ္ပဏီ




တွေဖြစ်တဲ့ Bayer. Johnson, Bristol Meyers, Squibb နှင့် Pfizaကုမ္ပဏီတွေ စုပေါင်းထုတ်လုပ်ခဲ့ကြတာဖြစ်ပါတယ်။ အခုပေါ်လာတဲ့ဆေးဟာ ယခင်တာလအတန်ကြာကပဲ အသုံးပြုနေကြတဲ့ WARFARIN ခေါ်တဲ့ ဆေးထက် ကောင်းမွန်တယ်လို့ ဆိုပါတယ်။ ဒီဆေးဟာ နှလုံးရောဂါ၊ သွေးကြောကျဉ်းရောဂါ၊ နှလုံးခွဲစိတ်ခံထားရသူတွေမှာ သွေးခဲမှုကို ကာကွယ်အောင်သုံးရတဲ့ဆေးပါ။ သွေးခဲခြင်းဟာ နှလုံးလေဖြတ်ရောဂါ၊ ဦးနှောက်လေဖြတ်ရောဂါ (Stroke) တို့ကို ဖြစ်စေတာကြောင့် ဒီရောဂါတွေမဖြစ်အောင် ပေးရတာဖြစ်ပါတယ်။ ဒီသွေးခဲတာကို ကာကွယ်တဲ့ဆေးသုံးစွဲသူတွေမှာ ဘေးထွက်ဆိုးကျိုးအဖြစ် သွေးထွက်လွန်ရောဂါဖြစ်တတ်ပါတယ်။ ယခုပေါ်လာတဲ့ XARELTO ဆေးဟာ နဂိုအသုံးပြုခဲ့တဲ့ Warfarin ဆေးထက် သွေးထွက်လွန်ရောဂါဖြစ်နိုင်ခြေပိုနည်းတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် တချို့ဆေးပညာရှင်တွေကတော့ ဒီဆေးသစ်ဟာ တန်ဖိုးအားဖြင့်မြင့်ပြီး လက်ရှိသုံးနေတဲ့ Warfarin ဆေးထက် အဆ ၇၀ ခန့်ဈေးပိုများတာကြောင့် သာမန်လူတွေအတွက်တော့ နဂိုဆေးကိုပဲ အသုံးပြုနေရဦးမယ်လို့ ပြောဆိုကြတာကို တင်ပြလိုက်ရပါတယ်။

**အမေ့လွန်သူတွေအိမ်ပြန်ဖို့ GPS**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ အသက်ကြီးလာရင်ဖြစ်တတ်တဲ့ Alzheimer, Dementia စတဲ့ အမေ့လွန်ဖြစ်တတ်တဲ့ ဝေဒနာရှင်တွေဟာ ယခုခေတ်ပေါ်လာတဲ့ GPS(Global Positional System) ခေါ်တဲ့ ကွန်ပျူတာပညာနဲ့ နေရာဒေသညွှန်ပြနိုင်တဲ့ နည်းပညာကြောင့် အထူးအထောက်အကူပြု အဆင်ပြေနိုင်ကြောင်း လေ့လာထားချက်ပါ။ ဒီလေ့လာချက်ကိုတော့ Norway နိုင်ငံဆေးပညာရှင်တွေပြုလုပ်ခဲ့တာဖြစ်ပါတယ်။ Nursing Home တစ်ခုက ဝေဒနာရှင်တွေဟာ သူတို့အလိုကျ အပြင်နေရာတွေကို သွားလာနေနိုင်ကြပြီး အချိန်တန်တဲ့အခါ သူတို့နေရာကိုပြန်လည်ချောချောမောမော ရောက်နိုင်ကြတယ်လို့ ဆိုပါတယ်။

အရင်းတုန်းကဆိုရင် သူတို့ရဲ့ နေရပ်လိပ်စာကို လည်ပင်းမှာ ချိတ်ဆွဲထားလင့်ကစား အများအားဖြင့် လူတစ်ဦးရဲ့ အကူအညီနှင့်သာ ပြန်ရောက်လာ



တက်ကြတာဖြစ်တယ်။ ဒါကြောင့် ဒီလိုအမေ့လွန်ရောဂါရှိသူတွေကို GPS ကွန်ပျူတာကို အသုံးပြုပုံပြုနည်းကိုသင်ကြားပြီး တပ်ဆင်ပေးထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကင်ဆာကုသမှု တိုးတက်လာတဲ့ တောင်ကိုရီးယား**

ယခုဖော်ပြလိုတဲ့ သတင်းကတော့ တောင်ကိုရီးယားနိုင်ငံမှာ ကင်ဆာရောဂါကုသမှု တိုးတက်နေတယ်ဆိုတဲ့ သတင်းပါ။ တောင်ကိုရီးယားနိုင်ငံမှာ ကင်ဆာဝေဒနာခံစားနေရသူ သုံးဦးမှာ နှစ်ဦးဟာ လူကောင်းပကတိလိုနေနိုင်တယ်လို့ ဆိုပါတယ်။ ယင်းနိုင်ငံမှာ ကင်ဆာရောဂါခံစားရသူဟာ ၂၀၀၂ ခုနှစ်က လူတစ်သိန်းမှာ (၃၂၂ ဒသမ ၃)ဦးရှိခဲ့ပြီး ၂၀၁၃ ခုနှစ်မှာတော့ လူတစ်သိန်းမှာ (၃၀၁ ဒသမ ၆)ဦးသာ ရှိခဲ့တယ်လို့ ဆိုပါတယ်။ အရေအတွက်အားဖြင့် ၂၀၁၂ ခုနှစ်မှာ ကင်ဆာဝေဒနာရှင် ၂၂၆၂၁၆ ဦးရှိခဲ့ရာမှာ ၂၀၁၃ ခုနှစ်မှာ ၂၂၅၃၄၃ ဦးရှိတယ်လို့ ဆိုပါတယ်။

ကင်ဆာအမျိုးအစားထဲမှာ Thyroid ခေါ် လည်ပင်းကျိတ်ကင်ဆာရောဂါခံစားရသူတွေဟာ ကုသမှုအပြီးမှာ နဂိုသာမန်လူအတိုင်း ကောင်းမွန်နေပြီး ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာ (Prostate Cancer) ခံစားရသူတွေဟာ ၉၀ ရာခိုင်နှုန်း၊ အစာအိမ်နှင့် အူမကြီး၊ မစင်အိမ်ကင်ဆာ(Stomach, Colo-rectal Cancer) ခံစားရသူတွေဟာ ၇၀ ရာခိုင်နှုန်း၊ ကောင်းမွန်စွာနေထိုင်နိုင်ကြတယ်လို့ ဆိုပါတယ်။ ဒါပေမယ့် Pancreatic Cancer ၉ ဒသမ ၄ ရာခိုင်နှုန်း၊ အဆုတ်ကင်ဆာ ၂၃ ဒသမ ၅ ရာခိုင်နှုန်းနှင့် အသည်းကင်ဆာ ၃၁ ဒသမ ၄ ရာခိုင်နှုန်း အသက်ရှင်ခဲ့ကြတယ်လို့ ဆိုပါတယ်။ ကင်ဆာရောဂါအားလုံး ခြုံတွက်လိုက်ရင် ကင်ဆာဝေဒနာရှင်အားလုံးရဲ့ ၆၉ ဒသမ ၄ ရာခိုင်နှုန်းဟာ အသက်ရှင်နေထိုင်ခဲ့ကြတယ်ဆိုတာ တင်ပြလိုက်ရပါတယ်။




**အသည်းကျွမ်းရောဂါရှာဖွေဖို့ လွယ်ကူတဲ့စမ်းသပ်နည်း**



ယခုဖော်ပြလိုတဲ့သတင်းကတော့ အသည်းရောဂါရှိသူတွေကို လွယ်လွယ်ကူကူ စမ်းသပ်နိုင်တဲ့ နည်းတစ်ခုအကြောင်းပါ။ ဒီစမ်းသပ်နည်းကိုတော့ ဗြိတိန်နိုင်ငံက ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ အသည်းကျွမ်းရောဂါလို့ခေါ်တဲ့ (Cirrhosis of Liver) ရောဂါစတင်ဖြစ်ပေါ်စချိန်မှာ သိနိုင်ဖို့ခဲယဉ်းတဲ့ရောဂါပါ။ ရောဂါအတော်လေးကျွမ်းတော့မှ သိနိုင်ပြီး အဲဒီအချိန်မှာ ကုသဖို့နောက်ကျနေပြီဖြစ်ပါတယ်။

အခုနည်းကတော့ ရောဂါဖြစ်စချိန်မှာကို သိနိုင်တဲ့နည်းဖြစ်ပြီး စမ်းသပ်ဖို့လည်း အလွန်လွယ်ကူတဲ့နည်းဖြစ်ပါတယ်။ ဒီနည်းကတော့ အသက်ရှူထုတ်လိုက်တဲ့လေကို အနံ့ခံစမ်းသပ်နည်းဖြစ်ပါတယ်။ အသည်းကျွမ်းရောဂါစဖြစ်နေသူတစ်ဦးဟာ သူ့ရဲ့အသည်း Cells တွေဟာ Limonenc ဆိုတဲ့ဓာတ်ကို ချေဖျက်နိုင်စွမ်းမရှိတော့ပါဘူး။ ဒါကြောင့် ဒီဓာတ်ဟာ ကိုယ်ခန္ဓာရဲ့ အဆီဓာတ်မှာ ခိုအောင်းနေလာပါတော့မယ်။ ဒီကတစ်ဆင့် အသက်ရှူထုတ်လိုက်တဲ့လေမှာ ဒီအနံ့ပါလာတယ်လို့ ဆိုပါတယ်။

ဒီဓာတ်ဟာ လိမ္မော်သီး၊ သံပုရာသီးတို့မှာရှိတဲ့ Limonene Compound နဲ့ အတူတူဖြစ်တာကြောင့် လိမ္မော်သီး၊ သံပုရာနံ့တို့နှင့်တူတယ်လို့ ဆိုပါတယ်။ သူတို့စမ်းသပ်မှုအရ Cirrhosis Liver စဖြစ်နေတဲ့ ဝေဒနာရှင် ၃၁ ဦးကို စမ်းသပ်ကြည့်ရာမှ ၃၁ ဦးလုံးရဲ့ရှူထုတ်လိုက်တဲ့လေမှာ ဒီဓာတ်ပါဝင်မှုဟာ သာမန်လူထက်ပိုများနေတာ တွေ့ရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီအလွယ်တကူစမ်းသပ်နိုင်မယ့်နည်းကို မကြာမီအများဆုံးအသုံးပြုနိုင်အောင် ဖော်ထုတ်နိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

**တီဘီရောဂါအမျိုးမျိုးကာကွယ်ဆေးထုတ်ဖို့ အိမ်ဖြူတော်ဦးဆောင်မည်**



နောက်ဖော်ပြလိုတဲ့သတင်းကတော့ တီဘီရောဂါအမျိုးမျိုးကို တိုက်ဖျက်ဖို့ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ သမ္မတအိမ်ဖြူတော်က ထုတ်ပြန်လိုက်တဲ့ သတင်းတစ်ပုဒ်အကြောင်းပါ။

ဒီသတင်းကို အိမ်ဖြူတော်က ၂၀၁၅ ခုနှစ် ဒီဇင်ဘာလနောက်ဆုံးပတ်မှာ ထုတ်ပြန်ခဲ့တာပါ။ ယင်းသတင်းအရ တစ်ကမ္ဘာလုံးမှာ ကြုံတွေ့နေရတဲ့ ဆေးမတိုးတော့တဲ့ TB အမျိုးအစားတွေဖြစ်တဲ့ Multiple Drug-Resistant TB(MDR-TB) နှင့် Extensively Drug Resistant TB(XDR-TB) တို့ဟာ TB ရောဂါကို တိုက်ဖျက်ရေးမှာ ကူရခက်တဲ့ ရောဂါတွေအဖြစ်ရှိနေပြီး ဒီရောဂါရှင်တွေကတစ်ဆင့် ကူးစက်နိုင်မှုဟာလည်း ကြီးထွားနိုင်တယ်။ ဒါကြောင့် ဒီ TB ရောဂါရှင်တွေအတွက် ကုထုံးတစ်ခုကို နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး အမြန်ဖော်ထုတ်ဖို့ တီဘီဝေဒနာရှင်တွေကို အမြန်ဆုံးစမ်းသပ်နိုင်တဲ့နည်း TB ရောဂါအမျိုးမျိုးကို ကာကွယ်နိုင်တဲ့ ကာကွယ်ဆေး (Vaccine) တစ်ခုထုတ်လုပ်နိုင်ဖို့ TB ရောဂါအမျိုးမျိုးအတွက် ဆေးယဉ်ပါးမှုမဖြစ်နိုင်တဲ့ ကုထုံးတစ်ခုကို ရှာဖွေဖော်ထုတ်ဖို့ ဇောက်ချဦးဆောင်ပြုလုပ်သွားမယ်ဆိုတာ ကြေညာချက်ထုတ်ပြန်လိုက်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# ရွှေမိုင်းမြို့ကျေးရွာ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ရမည်းသင်း ဇန်နဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဝါးဖြူတောင်အုပ်စု မိုးထိမိုးမိဒေသတွင်းရှိ ရွှေမိုင်းမြို့ကျေးရွာကို ပြည်ထဲရေးအမည်ပေါက် ကျေးရွာအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများ ဇန်နဝါရီ ၂၄ ရက်က သွားရောက်ကြည့်ရှုဆွေးနွေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ရမည်းသင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်စိုးနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများက ရွှေမိုင်းမြို့ကျေးရွာသို့ သွားရောက်ကာ အမျိုးသားကြီးပွားတိုးတက်ရေးလီမိတက်ရုံးခန်းမ၌ ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် အမျိုးသားကြီးပွားတိုးတက်ရေး ရွှေတူးဖော်ထုတ်လုပ်မှုအုပ်စုလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးထွန်းအောင်စိုးက မိုးထိတောင် ရွှေမိုင်းဒေသတွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ ခုတင်(၂၀)ဆံ့ ဆေးရုံနှင့် ဆေးပေးခန်း၊ စာသင်ကျောင်း၊ ဈေး၊ မြို့ဦးစေတီ၊ ဘုန်းတော်ကြီးကျောင်း၊ ဝန်ထမ်းအိမ်ရာ စသည်တို့ တည်ဆောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားမှုများ အပါအဝင် ဒေသဖွံ့ဖြိုးရေးနှင့် ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအတွက် အမျိုးသားကြီးပွားတိုးတက်ရေးလီမိတက်မှ ဆောင်ရွက်ခဲ့သည်များကို ဝန်ကြီးနှင့် တာဝန်ရှိသူများအား အသေးစိတ် တင်ပြဆွေးနွေးခဲ့ပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက ရွှေမိုင်းမြို့ ကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်းကျောင်း၊ ဆေးရုံ၊ ဝန်ထမ်းအိမ်ရာ၊ ရွှေပဒေသာဈေး၊ ခန်းမ၊ မြို့ဦးစေတီနှင့် ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံ၊ ရွှေသန့်စင်စက်ရုံများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **အတ်ကလေး(ရမည်းသင်း)**

# (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ပွဲတော်ကို ဟားခါးမြို့၌ စည်ကားစွာကျင်းပမည်

**ဟားခါး ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ ပွဲတော်ကို ချင်းပြည်နယ်မြို့တော် ဟားခါးမြို့ ဝမ္မသူမောင်အားကစားကွင်း၌ ချင်းပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ချင်းတိုင်းရင်းသားတို့၏ အမျိုးသားလက္ခဏာတစ်ရပ်အဖြစ် ကျင်းပမည့် ချင်းအမျိုးသားနေ့တွင် ရှေးအစဉ်အဆက်နေထိုင်လာခဲ့ကြသော ချင်းလူမျိုးတို့၏ အဆင့်ဆင့်ပြောင်းလဲလာခဲ့သည့် လူနေမှုဘဝ၊ ရိုးရာဝတ်စားဆင်ယင်မှုများကို ပြည်နယ်ဝန်ကြီးဌာနများက ပြခန်းများပြုလုပ်၍ ခင်းကျင်းပြသခြင်း၊ ချင်းရိုးရာဓလေ့ဖြစ်သော ခွန်ကြေးပွဲအပါအဝင် ချင်းတိုင်းရင်းသားမျိုးနွယ်စုများ၏ မတူညီသော ရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ ရိုးရာတေးသရုပ်ဖော်အကများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပွဲတော်ကာလအတွင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် စင်တင်တေးဂီတအဖွဲ့များက ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်မှုများလည်း ပါဝင်မည်ဖြစ်ပြီး ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာအဝတ်အထည်နှင့် ဈေးအရောင်းဆိုင်များ၊ ချင်းရိုးရာနပန်းပြိုင်ပွဲနှင့် အခြားအားကစားပြိုင်ပွဲစသည့် ပျော်ပွဲရွှင်ပွဲများကိုလည်း ထည့်သွင်းစီစဉ်ထားကြောင်း၊ ယခုချင်းအမျိုးသားနေ့ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အနယ်နယ် အရပ်ရပ်ရှိ အထူးပုဂ္ဂိုလ်များကိုလည်း ဖိတ်ကြားသွားမည်ဖြစ်ကြောင်း ချင်းအမျိုးသားနေ့ကျင်းပရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၁၉၄၈ ခုနှစ်တွင် ဖလမ်းမြို့၌ ပထမဆုံးစတင်ပြုလုပ်ခဲ့သော ချင်းအမျိုးသားညီလာခံကို အစွဲပြု၍ ချင်းအမျိုးသားနေ့ စတင်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ်(၆၅)နှစ်မြောက်မှ စတင်ကာ အခမ်းအနား ပြန်လည်ကျင်းပခွင့်ရရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်တွင် ချင်းပြည်နယ်(တောင်ပိုင်း) မင်းတပ်မြို့၌ ကျင်းပခဲ့ပြီး ကျန်နှစ်များတွင် ဟားခါးမြို့တော်၌သာ ကျင်းပခဲ့ကြောင်း၊ ယခုနှစ်ကျင်းပမည့် (၆၈)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားမှာ စတုတ္ထအကြိမ်မြောက် ကျင်းပသည့် အခမ်းအနားဖြစ်ကြောင်း သိရသည်။ **နေစု(ချင်းရိုးမ)**



## မိုးကုတ်မြို့ မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော် စည်ကားစွာကျင်းပ

**မိုးကုတ် ဇန်နဝါရီ ၂၆**

မိုးကုတ်မြို့နယ် ရှောလီပိုင်းရပ်ကွက်အတွင်းရှိ မဟာမုနိဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ပြာသိုလဆန်း ၁၁ ရက်(ဇန်နဝါရီ ၂၀ ရက်)မှ စတင်ကျင်းပခဲ့ရာ လဆန်း (၁၃၊ ၁၄၊ ၁၅) ရက်များတွင် ပွဲတော်လာပရိသတ်များဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။

ဘုရားပွဲတော်လာသူတစ်ဦးက "မဟာမုနိဘုရားပွဲကို နှစ်တိုင်းလာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ ဗိုက်ကျော်ခြင်းပွဲကို အထူးအားပေးဖြစ်ပြီး ကျန်တဲ့ ဖျော်ဖြေရေးတွေကိုလည်း သွားကြည့်ဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ မိသားစုနဲ့ ဘုရားဖူးရင်း ပွဲလည်လာရတာကို နှစ်ခြိုက်ပါတယ်" ဟု ပြောသည်။

မဟာမုနိဘုရားကြီးပွဲတော်တွင် ရိုးရာအားကစားပြိုင်ပွဲများအနေဖြင့် ဗိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ငှက်ပျောတိုင်တက်ပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ပြီး ဖျော်ဖြေရေးအစီများအနေဖြင့် ရိုးရာဇာတ်သဘင်ပွဲဖျော်ဖြေမှုများ၊ ခေတ်ပေါ်စတိတ်ရှိုးပွဲများ၊ ဝိုင်းခြင်းဖျော်ဖြေပွဲနှင့် တစ်ကိုယ်တော်ရိုးရာခြင်းလုံး အစွမ်းပြ ဧည့်ခံဖျော်ဖြေမှုများ ပါဝင်ကာ ပွဲဈေးတန်းများတွင်လည်း ပွဲဈေးလည်သူများဖြင့် စည်းကားလျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# သံဃာတော် ၇၇၂ ပါးအား ဆွမ်းသပိတ်များ ဆက်ကပ်လောင်းလှူ

**မိတ္ထီလာ ဇန်နဝါရီ ၂၆**

မိတ္ထီလာမြို့ ပြည်သာယာ မြောက်ပိုင်း ရပ်ကွက်ဦးတွင် တည်ထားကိုးကွယ်သည့် မျက်နှာကြီးစေတီတော် ရင်ပြင်တော်၌ တတိယအကြိမ် စာရေးတံဆွမ်းသပိတ် လောင်းလှူဆက်ကပ်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပခဲ့ပြီး သံဃာတော် ၇၇၂ ပါးအား အများစုပေါင်း၍ ဆွမ်းသပိတ်များ ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။



"ပြည်သာယာ မြောက်ပိုင်း၊ ပြည်သာယာတောင်ပိုင်းရပ်ကွက်နဲ့ အနီးအနားက ညောင်ကုန်း၊ ငွေတောက်ကုန်း၊ ဇောင်ချမ်းကုန်း ကျေးရွာတွေအပြင် အခြားရပ်ကွက်ကျေးရွာတွေက စေတနာရှင်တွေလည်း ဆွမ်းသပိတ် လောင်းလှူဆက်ကပ်ကြပါတယ်။ စာရေးတံဆွမ်းသပိတ် လောင်းလှူဆက်ကပ်ပွဲကို ကျင်းပတာ တတိယအကြိမ် ဖြစ်ပါတယ်။ ပြာသိုလပြည့်နေ့ရောက်တိုင်း ရပ်ကွက်ကျေးရွာနဲ့ မြို့ပေါ်ကျောင်းတိုက်တွေမှာ သီတင်းသုံးကြတဲ့ သံဃာတော်တွေကိုပင့်ဖိတ်ပြီး အများစုပေါင်း ဆွမ်းသပိတ် ဆက်ကပ်လောင်းလှူကြတာပါ။ ဒီနှစ်တော့ သံဃာတော် ၇၇၂ ပါးကို စာရေးတံဆွမ်းသပိတ်တွေ လောင်းလှူဆက်ကပ်နိုင်ခဲ့ပါတယ်" ဟု ဆွမ်းသပိတ်လောင်းလှူဆက်ကပ်ပွဲဖြစ်မြောက်ရေး ဆောင်ရွက်သူတစ်ဦးက ပြောသည်။

စာရေးတံဆွမ်းသပိတ် လောင်းလှူဆက်ကပ်နိုင်ရေးအတွက် အချိန်တစ်လခန့်ကြိုတင်၍ ဆွမ်းသပိတ်အလှူများ စာရင်းကောက်ယူပြီး အလှူရှင်များက ဆွမ်းသပိတ်တစ်လုံးလျှင် ၃၅၀၀ ကျပ် ပေးသွင်းလှူဒါန်းရကာ ဆွမ်းသပိတ်လောင်းလှူဆက်ကပ်မည့်နေ့တွင် ဆွမ်းဟင်း ဆွမ်းထမင်းများ၊ လှူဖွယ်ဝတ္ထုများကို ကိုယ်တိုင်ချက်ပြုတ် လောင်းလှူ၍ မဲနံပါတ်အလိုက် ကျရာသံဃာတော်ကို ဆက်ကပ်လှူဒါန်းရခြင်းဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## လူကုန်ကူးမှုတိုက်ဖျက်ရေး သိကောင်းစရာများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**ယင်းမာပင် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အမျိုးသမီးရေးရာ ကြီးကြပ်မှုကော်မတီက စီစဉ်၍ ယင်းမာပင်မြို့နယ် ဆင်တဲကျေးရွာ ရွှေဆံနွယ် ဓမ္မဓရကုသိုလ်ဖြစ်ဆေးရုံ အိမ်တွင်းမှုသင်တန်းကျောင်းခန်းမ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ခရိုင်အမျိုးသမီးရေးရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ငွေက လူကုန်ကူးမှုနှင့်ပတ်သက်သည့် သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းဟောပြောပြီး အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ တောအုပ်ကြီးဒေါ်သန်းသန်းအောင်က သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာများကို အိမ်တွင်းမှုသင်တန်းကျောင်းမှ ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ **သန်းရွှေအောင်(ကနီ)**



# ဆိပ်ဖြူမြို့ ပတ္တမြားဈေး၌ မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ဆိပ်ဖြူ ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် အများပြည်သူတို့၏ ပစ္စည်းဥစ္စာများ မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရန်နှင့် ပြည်သူများအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သိရှိလိုက်နာဆောင်ရွက်စေရေးအတွက်လည်းကောင်း၊ အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ပူးပေါင်းပါဝင် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍လည်းကောင်း မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေး၌ ဇန်နဝါရီ ၂၄ ရက်က ပြုလုပ်ခဲ့သည်။



မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်း ဦးဆောင်သော တပ်ဖွဲ့ဝင် ၁၆ ဦးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် ၁၅ ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများ၊ သင်္ဂဟလူမှုကူညီရေးအသင်းမှအဖွဲ့ဝင်များ ပူးပေါင်း၍ မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်သုံးစီးနှင့် သင်္ဂဟလူမှုကူညီရေးအသင်းမှ ရေသယ်ယာဉ်တစ်စီးတို့ဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ အသင့်ထားရှိမှုအခြေအနေများနှင့် အရေးပေါ်အခြေအနေဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဈေးသူဈေးသားများအား မှာကြားခဲ့သည်။ **စိုးလင်းနိုင် (ပြန်/ဆက်)**

## ဖန်းမောက်မြို့နယ် သတင်းစာဆရာအသင်း ဖွဲ့စည်း

**အင်းတော် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် သတင်းစာဆရာအသင်း ဖွဲ့စည်းခြင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ပွဲကို ဖန်းမောက်မြို့ ပန်းသတင်းရေသန့်စက်ရုံဝင်းအတွင်း၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့ပြီး ဥက္ကဋ္ဌ ဦးသန်းထွန်းအပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင် ကိုးဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **ကိုမင်း(အင်းတော်)**

# ရေချိုငါးမွေးမြူရေးလုပ်ငန်းများဖြင့် ကျေးလက်ပြည်သူတို့လူမှုစီးပွားဘဝမြှင့်တင်

မြန်မာ့ပင်လယ်ပြင်နှင့် မြစ်၊ ချောင်း၊ အင်း၊ အိုင်တို့တွင် သမားရိုးကျ ငါးများဖမ်းဆီးရာမှ ခေတ်မီနည်းပညာများဖြင့် အလွန်အကျွံဖမ်းဆီးခြင်း၊ တားမြစ်ကန့်သတ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းဆီးခြင်း၊ ငါးများ ဥချမျိုးပွားရာသီတွင် ဖမ်းဆီးခြင်း၊ ရာသီဥတု မမှန်ကန်မှုတို့ကြောင့် ဂေဟစနစ်များပျက်စီးခြင်းတို့နှင့် လယ်ယာမြေများတွင် ဓာတုပစ္စည်းများ ထည့်သွင်းကြပက်ခြင်း စသည်တို့ကြောင့် ယခုအခါ ငါးများမျိုးပွားမှု နည်းပါးသွားသဖြင့် ဖမ်းဆီးရရှိမှု တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာပြီဖြစ်ကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ သတင်းမှတ်တမ်းများအရ သိရသည်။

နိုင်ငံတကာတွင်လည်း အလားတူဖြစ်ရပ်များကြောင့် အချို့ငါးများမှာ မျိုးသုဉ်းခြင်းနှင့် ငါးများရှားပါးနေပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ငါးမွေးမြူရေးကဏ္ဍမှ ငါးသယံဇာတ ၇၄၂၅၉ ဒသမ ၁၇၈ မက်ထရစ်တန် တင်ပို့ရောင်းချနိုင်ခဲ့မှုကြောင့် အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၉၆ သန်းရရှိခဲ့ကြောင်း သိရပြီး ရေချိုငါးလုပ်ငန်းကဏ္ဍသည် နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းရှိသည့် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးအတွက် အဓိကကျလျက်ရှိကြောင်း၊ မြို့ပြနေလူဦးရေ သုံးသန်းခန့် ငါးလုပ်ငန်းတွင် တိုက်ရိုက်လုပ်ကိုင်လျက်ရှိပြီး လူဦးရေ ၁၂ သန်းမှ ၁၅ သန်းခန့်သည် ငါးလုပ်ငန်းနှင့် ဆက်စပ်ပြီး တစ်ဆင့်ခံ အကျိုးခံစားခွင့်ရရှိနေကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက မန္တလေးမြို့တွင် ကျင်းပခဲ့သည့် ရေချိုငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် ငါးသားပေါက် မွေးမြူခြင်းများကို နိုင်ငံတော်တစ်ဝန်း ငါးသားပေါက် စက်ရုံ ၆၂ ရုံလည်း တည်ဆောက်ထားရှိပြီး ငါးသားပေါက်သန်းပေါင်းများစွာ မွေးမြူဖြန့်ဖြူးပေးလျက်ရှိသည်။

ရေချိုငါး မွေးမြူထုတ်လုပ်မှုတိုးတက်ရရှိရေးသည် ပြည်ပတင်ပို့နိုင်မှုနှင့် ပြည်တွင်းစားသုံးမှုတို့အတွက် အဓိကကျလျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရေချိုငါးမွေးမြူရေးမှ အမေရိကန် ဒေါ်လာသန်း ၁၂၀ ကျော်ရရှိရေး ရည်မှန်းဆောင်ရွက်ရာတွင် ဒေသဆိုင်ရာတာဝန်ရှိသူများ၏ စီမံခန့်ခွဲမှုအင်န်ဂျီအိုအဖွဲ့များ၏ ကူညီမှု၊ ငါးမွေးမြူရေးလုပ်ကိုင်သူများ၏ ကြိုးပမ်းမှုများနှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏အရင်းအနှီး၊ နည်းပညာ၊ စည်းမျဉ်းစည်းကမ်း၊ စေ့စပ်ညှိနှိုင်းမှုများနှင့်အညီ ဟန်ချက်ညီညီဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း အကြံပြုရေးသားလိုက်ပါသည်။

**ဆောင်ဝင်း(ဗျာဂုံ)**



ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ တစ်နှစ်ထက်တစ်နှစ် ဝင်ရောက်လေ့လာမှု ပိုမိုများပြားလာပြီး ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းက အနေးယာဉ်ဆိုက်ကားများစီးကာ လေ့လာနေကြသည်ကို တွေ့မြင်ရစဉ်။ သက်ခိုင်(ပြန်/ဆက်)

## ၂၀၁၅ ခုနှစ် မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများပြေကျေ

**နတ်မောက် ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် ၂၀၁၅ ခုနှစ် မေလနောက်ဆုံးပတ် မိုးရာသီသီးနှံများကို မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများအား ဘဏ်ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ နတ်မောက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၅ အုပ်စု၊ ဘဏ်အဖွဲ့ဝင်တောင်သူ ၁၀၀၀၃ ဦးသို့ ထုတ်ချေးခဲ့ပြီး အဆိုပါ မိုးရာသီသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေများကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် မြို့နယ်လုံးကျွတ်တောင်သူများထံမှ ပြေကျေစွာကောက်ခံရရှိကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မြို့နယ်မန်နေဂျာ ဦးမျိုးနိုင်ထံမှ သိရသည်။ **လှဝင်း**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်

**ပုဏ္ဏားကျွန်း ဇန်နဝါရီ ၂၆**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့၌ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှစတင်ပြီး ၂၄ နာရီ လျှပ်စစ်မီးကိုဖြန့်ဖြူးပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ရေဖြူကန်ယာချောင်း၊ ဆင်အင်းကြီး၊ ပဒေသာရွာသစ်ကျေးရွာများသို့ မကြာမီ လျှပ်စစ်မီးပို့လွှတ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ မြို့နယ်လျှပ်စစ်မှူး ဦးမိုးကျော်သူနှင့် ဝန်ထမ်းများသည် ဇန်နဝါရီ ၂၄ ရက်က စစ်ဆေးပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ နံရံကပ်ပိုစတာများနှင့် မြေစိုက်ပိုစတာများစိုက်ထူအသိပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ညသူ**

## လူမှုကူညီရေးအသင်းသို့ လူနာတင်ကားတစ်စီး လှူဒါန်း

**တံတားဦး ဇန်နဝါရီ ၂၆**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်ရှိ စေတနာရှင်လူမှုကူညီရေးအသင်း၏ လုပ်ငန်းများတွင် အသုံးပြုရန် လူနာတင်ကားတစ်စီးကို တံတားဦးမြို့နေ ဒေါ်စိန်ရင်နှင့် မြေး မရွှေယမုံဖူး၊ မငွေယမုံဖူး မိသားစုမှ ဇန်နဝါရီ ၂၄ ရက်က လှူဒါန်းခဲ့သည်။

လှူဒါန်းပွဲတွင် စေတနာရှင်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးညွန့်သန်းက အမှာစကားပြောကြားပြီး အလှူရှင်ဒေါ်စိန်ရင်က လူနာတင်ကား လှူဒါန်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ Toyota အမျိုးအစား လူနာတင်ယာဉ်နှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို အသင်းသို့ ပေးအပ်လှူဒါန်းခဲ့ပြီး အသင်းအလုပ်အမှုဆောင် ဦးသိဟတ က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

စေတနာရှင်လူမှုကူညီရေးအသင်းသည် လူနာတင်ယာဉ် သုံးစီး၊ နိဗ္ဗာန်ယာဉ် သုံးစီးဖြင့် နေ့ညတာဝန်ထမ်းဆောင်သူများဖြင့် ဖွဲ့စည်းထားကာ လူမျိုးဘာသာ မခွဲခြားဘဲ တံတားဦးမြို့နယ်အတွင်းမှ ပြည်သူများအား အခမဲ့ကူညီပေးလျက်ရှိကြောင်း သိရသည်။ **ရဲတင့်**





မွန်ပြည်နယ် သထုံမြို့ရှိ ဈေးများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သထုံခရိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးတာဝန်ရှိသူများ ပူးပေါင်းမှုဖြင့် ဇန်နဝါရီ ၂၄ ရက်က လက်တွေ့မီးငြိမ်းသတ်သရုပ်ပြလေ့ကျင့်နေစဉ်။ သက်ဦး (သထုံ)



## (၁၁၄) ကြိမ်မြောက်သွေးလှူ

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအကြံပေး၊ မြန်မာ-ဂျပန်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်းအထွေထွေအတွင်းရေးမှူး ဦးစန်းမောင်မြင့် (နန်းဦးလွင် - M.A Japan) (လူမှုထူးချွန်- ပထမဆင့်) သည် ဇန်နဝါရီ ၂၂ရက်က အမျိုးသားသွေးလှူဘဏ်၌ (၁၁၄) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ပြည် ဇန်နဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်ခရိုင် ပညာရေးမှူး ဦးခင်မောင်ဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မူမူဇင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ကျောင်းခန်းမ၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အထိမ်းအမှတ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ပွဲတော်ကျင်းပခြင်းရည်ရွယ်ချက်ကိုလည်းကောင်း၊ အမျိုးသားစာပေဆုရ ကဗျာဆရာ မောင်လင်းကြည်က စာပေရေးရာများကိုလည်းကောင်း ဟောပြောခဲ့သည်။

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ပြည်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းများ၌လည်း တစ်ရက်တည်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

**အောင်(ဓာတုဗေဒ)**

## ကလေးနှစ်သောင်းကျော်ကို ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနိုင်ခဲ့

**တောင်တွင်းကြီး ဇန်နဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဒေသအလိုက်ကာကွယ်ဆေးတိုက်လုပ်ငန်းဆောင်ရွက်သော ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အတွင်း မြို့နယ်အတွင်းရှိ ကလေးငယ် နှစ်သောင်းကျော်ကို ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးနိုင်ခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်ကျွေးခြင်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဦးဆောင်၍ ကာကွယ်ဆေးတိုက်စုရပ်များဖွင့်လှစ်ကာ တိုက်ကျွေးခဲ့ပြီး တောင်တွင်းကြီးမြို့၊ မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၇၂ အုပ်စုရှိ ကျေးရွာပေါင်း ၂၈၀ မှ မွေးစမှ အသက် ငါးနှစ်အထိ ကလေးငယ်စုစုပေါင်း ၂၁၀၉၅ ဦးအား ပိုလီယိုကာကွယ်ဆေးများတိုက်ကျွေးခဲ့ကြောင်း သိရသည်။

ကာကွယ်ဆေးတိုက်ကျွေးမှုများ ဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မို့မို့ထွန်းနှင့် အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သီသီတင်နှင့် အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကာကွယ်ဆေးတိုက်ကျွေးမည့် ကလေးငယ်များကို အမည်စာရင်းရေးပေးခြင်း၊ စနစ်တကျ ကာကွယ်ဆေးတိုက်ကျွေးနိုင်ရန် ကူညီဆောင်ရွက်ပေးခြင်းနှင့် ဆေးတိုက်ကျွေးပြီး ကလေးငယ်များအား အမှတ်အသားပြုလုပ်ပေးခြင်းစသည်ဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ (ဝ၂၁)

# မြဝတီမြို့ ရပ်ကွက်များ သန့်ရှင်းသာယာလှပရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်



**မြဝတီ ဇန်နဝါရီ ၂၆**

ကရင်ပြည်နယ် မြဝတီမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဇန်နဝါရီ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနောက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များဆယ်ယူခြင်းနှင့် လမ်းဘေးဝဲယာတွင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမြင့်ကျော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များ၊ မြဝတီမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထက(၁)ကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်



**တပ်ကုန်း ဇန်နဝါရီ ၂၆**

နေပြည်တော် တပ်ကုန်းမြို့နယ် ဗျိုင်းအင်းကျေးရွာအုပ်စု ဗျိုင်းအင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)က ကြီးမှူး၍ ဇန်နဝါရီ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ ပျဉ်းမနား ခုတင်(၂၀၀)ဆေးရုံမှ မျက်စိအထူးကု ဆရာဝန်ကြီးနှင့်အဖွဲ့၊ ဥတ္တရခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဆရာ ဆရာမများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်များက ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ဗျိုင်းအင်းကျေးရွာသို့ သွားရောက်၍ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ရာတွင် ဗျိုင်းအင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ကိုယ်ဝန်ဆောင်မိခင် ၂၀၊ မျက်စိလူနာ ၄၈ ဦး၊ သွားနှင့် ခံတွင်းလူနာ ၁၂ ဦး၊ နားနှင့်နှာခေါင်းလူနာ ခုနစ်ဦး၊ အထွေထွေရောဂါလူနာ ၁၃၀ စုစုပေါင်းလူနာ ၂၁၇ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# တရုတ်နိုင်ငံ EXIM Bank မှ သမဝါယမချေးငွေများ ပေးအပ်

**ယင်းမာပင် ဇန်နဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ အခြေခံသမဝါယမ အသင်းများသို့ တရုတ်နိုင်ငံ EXIM Bank မှ ချေးငွေများ ပေးအပ်ပွဲကို ဆားလင်းကြီးမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ဇန်နဝါရီ ၂၃ ရက်က ကျင်းပခဲ့သည်။

ချေးငွေပေးအပ်ပွဲတွင် ဆားလင်းကြီးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝိတ်က သမဝါယမစနစ်အကြောင်း၊ သမဝါယမစနစ်၏ သဘောထားနှင့် မူဝါဒများအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမ အသေးစားငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက EXIM Bank ချေးငွေဆိုင်ရာ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ သမဝါယမအသင်းများသို့ အသင်းလုပ်ငန်းစဉ်များအလိုက် ပံ့ပိုးချေးငွေများကို ထုတ်ပေးခဲ့ရာ စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၄၅၃၃ ဒသမ ၈၅ သိန်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်သောင်းက ပစ်တိုင်းထောင် လယ်/ထွေ သမဝါယမအသင်း အတွင်းရေးမှူး ဦးမြဖေထံ သို့လည်းကောင်း၊ စိုက်ပျိုးစရိတ် တိုးမြှင့်ချေးငွေ ကျပ် ၉၄၄၁ ဒသမ ၂၅ သိန်းကို မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌက မြင်းခြံဘွား စိုက်/ထွေ သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးစိန်မင်းထံသို့လည်းကောင်း၊ မွေးမြူရေးချေးငွေ ကျပ် ၃၈၉၂ ဒသမ ၇၅ သိန်းကို တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် အမှုဆောင်ဦးတင်ညိုက ကုန်းကြီးကျေးရွာ သမဝါယမအသင်းစုမှ ဦးစန်းမောင်ထံသို့လည်းကောင်း၊ စက်မှုလက်မှု ကုန်ထုတ်ချေးငွေ ကျပ် ၄၈၁ ဒသမ ၉၅ သိန်းကို မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးကျော်ရွှေက မြကန်သာ လယ်/ထွေ သမဝါယမအသင်းစုမှ ဦးကြီးဘိုထံသို့လည်းကောင်း အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဦးငယ်(ဆားလင်းကြီး)**

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဇန်နဝါရီ ၂၅ ရက်က ကျင်းပခဲ့သည်။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲတွင် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဆရာကြီးဦးဝင်းမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးငွေထွန်းက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဖွင့်ပွဲသို့ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အစီအစဉ်များအဖြစ် ဇန်နဝါရီ ၂၅ ရက်တွင် အလက(၁)ကျောင်း၌ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ၂၆ ရက်တွင် အလက(၁)ကျောင်း၌ ကျပန်းစကားပြောပြိုင်ပွဲနှင့် အထက(၆)ကျောင်း၌ ပုံပြောပြိုင်ပွဲ၊ ၂၇ ရက်တွင် ပြိုင်ပွဲအသီးသီး၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲနှင့် စာပေဟောပြောပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်၊ မြို့နယ်အတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းသားကျောင်းသူများအနေဖြင့် စာကြည့်တိုက်ကို အသုံးပြုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် လူစွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာကျောင်းများတွင် ကျင်းပလျက်ရှိသည်။ **မောင်မောင်မြင့်(ပြန်/ဆက်)**



# မြောင်းမြတွင် ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**မြောင်းမြ ဇန်နဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပိုလီယိုရောဂါကာကွယ်ရေးနှင့် ရောဂါပိုး လုံးဝအမြစ်ပြတ်ရေးအတွက် ပိုလီယိုရောဂါ ကာကွယ်ဆေးများကို မြို့ပေါ်နှင့် ကျေးရွာများ၌ ကာကွယ်ဆေးတိုက်စခန်းများ ဖွင့်လှစ်ကာ ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ တစ်ပြိုင်တည်း တိုက်ကျွေးခဲ့ကြောင်း သိရသည်။

ပိုလီယိုရောဂါပိုး ပြန်လည်ခေါင်းမထောင်လာနိုင်စေရန် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအားလုံးကို ကာကွယ်ဆေးများ တိုက်ကျွေးခြင်းဖြစ်ကြောင်း၊ မြောင်းမြမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနများအားလုံးနှင့် မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက်တွင် သာမကသင်္ဘောဆိပ်၊ ကားဂိတ်များစသည့် နေရာ ၁၉ နေရာတွင်ပါ ကျန်းမာရေးအဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ပူးပေါင်းကာ ကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်က ပြောကြားသည်။

၂၀၁၆ ခုနှစ် ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များကို ဇန်နဝါရီ ၂၃ ရက်မှ ၂၅ ရက်အထိ သတ်မှတ်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးရှိ မြို့နယ် ၃၃၀ လုံးတွင် မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအားလုံးပါဝင်၍ အသက်အုပ်စုကျယ်ပြန့်စွာ ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးခဲ့ကြောင်း၊ မြောင်းမြမြို့နယ်အတွင်း၌ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ပိုလီယိုရောဂါပိုး မြန်မာနိုင်ငံအတွင်းမှ အပြီးတိုင် ပပျောက်စေရန် အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ခေါင်းလောင်းသံချို ကြိုဆိုနေမည်

**မောင်မုဒိတာ**

***"မိုးပွင့်"ဟုဆိုလိုက်သည်နှင့်မှတ်ပုံတင်ထုတ်ပေးသည့်လုပ်ငန်းဟု ကျွန်တော်သိလိုက်ပါသည်။ ကျွန်တော်သိသလိုပင် မြန်မာနိုင်ငံအတွင်းမှီတင်းနေထိုင်ကြသော တိုင်းရင်းသားတိုင်းလိုလိုသိလိမ့်မည်ဟုကျွန်တော်ထင်ပါသည်။ မှတ်ပုံတင်ဟု လူသိများသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးသည့်လုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက မြန်မာနိုင်ငံတစ်ဝန်း ရပ်ကွက်/ကျေးရွာအရောက် ကွင်းဆင်းထုတ်ပေးလျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်သည် နိုင်ငံတော်အစိုးရသစ်စတင်တာဝန်ယူပြီး မကြာမတင်မှာပင် ပြည်သူများ၏လိုအပ်ချက်ကို ထိထိရောက်ရောက်ဖြည့်ဆည်းပေးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ပြည်သူများအပေါ် အေးမြကြည်လင်သည့် မိုးပွင့်မိုးစက်များ ညင်ညာသိမ်မွေ့စွာ ကျဆင်းပက်ဖျန်းပေးခြင်းကြောင့် ပြည်သူများစိတ်ချမ်းမြေ့ကြည်နူးစေသည့် နိမိတ်ပုံကိုယူ၍ "မိုးပွင့်စီမံချက်"ဟု ခေါ်တွင်ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းစီမံချက်လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍ ကျွန်တော်ဆောင်းပါးတစ်ပုဒ်ရေးသားတင်ပြခဲ့ဖူးပါသည်။ "နိုင်ငံတစ်ဝန်းအစဉ်ပွင့်လန်း မိုးပွင့်ပန်းတို့ဝေ"တဲ့။ မိုးပွင့်ပန်းတို့က တစ်နိုင်ငံလုံးမွှေးပျံ့စေဆာခဲ့ပါသည်။***

**မိုးပွင့်စီမံချက်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအတွက် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေး ဖြေလျော့သောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည် ...**

ယခုအခါမှာတော့ မှတ်ပုံတင်ဟုခေါ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ ကျောင်းများအတွက် ကွင်းဆင်းစီမံချက်။

သည်အကြောင်း၏အစက ကျွန်တော့်တူမလေးတစ်ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရက်က ကျွန်တော့်ဝမ်းကွဲညီ၏ အိမ်သို့ရောက်ရှိနေခိုက်ဖြစ်သည်။ "ဖေဖေ သမီးတို့ကျောင်းမှာ မှတ်ပုံတင်လာလုပ်ပေးမယ်တဲ့။ လိုအပ်တာတွေယူခဲ့ဖို့ ဆရာမပြောတာ သမီးမှတ်လာတယ်"ဟု ကျောင်းမှပြန်လာသော ဆဋ္ဌမတန်းကျောင်းသူကျွန်တော့်တူမက သူ့ဖခင်ကိုခရားရေလွှတ်ပြောလိုက်ခြင်းဖြစ်သည်။ "ဟုတ်လို့လား သမီးရယ်၊ မှတ်ပုံတင်ကလဝကရုံးနဲ့ရပ်ကွက်ထဲတွေမှာပဲ လုပ်ပေးတာ။ ကျောင်းမှာတော့ လာလုပ်မပေးလောက်ပါဘူး"ဟုကျွန်တော်စပ်စုလိုက်ပါသည်။ "ဟုတ်တယ်အစ်ကိုရေ ပြီးခဲ့တဲ့ ပညာရည်ချွန်ဆုပေးပွဲမှာကတည်းက ဒီသတင်းကြားနေတာ။ အဲဒီမှာ လဝကမြို့နယ်မှူးနဲ့ တွေ့လို့ပြောပြတာလေ။ ကျောင်းတွေမှာ လာလုပ်ပေးတော့ ဝမ်းသာစရာပေါ့"ဟု ကျွန်တော်ညီကပြောသည်။ "ဒီလိုဆိုရင်တော့ အလွန်ကောင်းတဲ့ အစီအစဉ်ပေါ့"ဟု ကျွန်တော်ကပြောရင်း စိတ်ထဲတွင် မုဒိတာဖြစ်မိပါသည်။ တူမလေးအပြောကြောင့် လာမည့်အင်္ဂါနေ့တွင် ကျောင်းသို့သွား၍မှတ်ပုံတင် စီမံချက်ဆောင်ရွက်မှုလေးကို မျှဝေခံစားမည်ဟု ဆုံးဖြတ်လိုက်ပြီး တူမလေး၏လက်ရေးလုစာအုပ်ကို ကျွန်တော့်ယူကြည့်လိုက်ပါသည်။ မှတ်ပုံတင်ပြုလုပ်ရန်ကျောင်းသားများ ယူဆောင်လာရမည့် အထောက်အထားများဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ မိဘ၊ ဘိုးဘွားများ၏ ကိုင်ဆောင်သည့် မှတ်ပုံတင်လက်မှတ်၊ အထောက်အထား၊ မိတ္တူ/နံပါတ်၊ ဓာတ်ပုံ(ကျောင်းမှ စီစဉ်ပေးမည်)။ မွေးသက္ကရာဇ်အတွက် ကျောင်းဝင်စာရင်းမှ ထောက်ခံချက်ပေးမည်။ သွေးအမျိုးအစား (ကျောင်းသို့ ကျန်းမာရေးဌာနမှ လာရောက်စစ်ဆေးပေးမည်)။

ကျွန်တော့်တူမကျောင်းသို့ရောက်တော့ ကျောင်းတက်နေပြီဖြစ်သည်။ ကျွန်တော့် စီးတော်ယာဉ်ဆိုင်ကယ်လေးကို ကျောင်းရှေ့တန်းစီကွင်းဘေး မန်ကျည်းပင်ရိပ်တွင် ထိုးရပ်လိုက်ပြီး ကျောင်းအစည်းအဝေးခန်းဘက်သို့ လျှောက်လာခဲ့သည်။ ကျွန်တော့်တူမလေး ကျောင်းက နေပြည်တော် ပျဉ်းမနားမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းဖြစ်သည်။ ကျောင်းကသပ်သပ်ရပ်ရပ်၊ သန့်သန့်ရှင်းရှင်း ရှိလှသည်။ ကျောင်းတက်ချိန်ဖြစ်၍ ကျောင်းသားများက အခန်းတွင်းဝင်၍ စာသင်နေကြချိန်မို့ အပြင်၌အမြင်ရှင်းနေသည်။ ကျောင်းအစည်းအဝေးခန်းတွင် ကျောင်းအုပ်ကြီး အပါအဝင် ဆရာ ဆရာမများ ထိုင်နေကြသည်။ ကျောင်းသားမိဘ တချို့နှင့် လဝက ဝန်ထမ်းများကိုလည်းတွေ့ရသည်။ သူတို့ရှေ့တွင် လဝကမြို့နယ်မှူး ဦးအောင်နိုင်ဦးက မတ်တပ်ရပ်၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းနေသည်။ ကျွန်တော်လည်း ခုံလွတ်တစ်ခုတွင် ဝင်ထိုင်ရင်း ဘေးမှကျောင်းသားမိဘတစ်ဦးကို "ရှင်းပြနေတာကြာပြီလား" ဟုမေးလိုက်ရာ "ခုမှစတာပါ"ဟု ပြန်ဖြေသဖြင့် စိတ်သက်သာရာရသွားသည်။ မရှင်းတာ၊ သိချင်တာနောက်မှမေးတော့မည်။ အခုတော့ရှင်းပြတာ နားထောင်လိုက်ဦးမည်။

မိုးပွင့်စီမံချက်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံအတွင်းရှိ တိုင်းရင်းသားများအတွက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို သတ်မှတ်နှုန်းထားဖြင့် လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ရေး ဖြေလျော့သောနည်းလမ်းများဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူပြီး ၂၀၁၁ ခုနှစ် ဇူလိုင်လမှစ၍ နိုင်ငံတစ်ဝန်း ဆောင်ရွက်ခဲ့ရာ ၂၀၁၄ ခုနှစ်ကုန်တွင် မိုးပွင့်အဆင့်(၇)အထိ ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၀ ခုနှစ် ဇူလိုင်လ မိုးပွင့်အဆင့်(၁)မှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလကုန် မိုးပွင့်အဆင့်(၇)အထိ အိမ်ထောင်စုလူဦးရေစာရင်း စုစုပေါင်း ခုနစ်သိန်းခန့်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား စုစုပေါင်း ၄၂ သိန်းငါးသောင်းကျော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မိုးပွင့်အဆင့်တစ်ခုနှင့်တစ်ခုကြား နှစ်လခန့်ခြား၍ ကွင်းဆင်းမှုရပ်နားကာ ဝန်ထမ်းများက ရုံး၌မှတ်တမ်းမှတ်ရာများ ပြန်လည်ရေးသွင်းပြုစုကြသည်။ လဝကဝန်ထမ်းများ အားရက်၊ နားရက်မရှိသလောက်ဖြစ်ခဲ့သည်။ ပြည်သူများလက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာထုတ်ပေးနိုင်ခဲ့ခြင်းကြောင့် ပင်ပန်းသော်လည်း ကျေနပ်ကြသည်။ ကြည်နူးကြသည်။

မိုးပွင့်စီမံချက် ကွင်းဆင်းဆောင်ရွက်မှုများအပေါ် ပြည်သူများလိုက်ပါပူးပေါင်းဆောင်ရွက်မှု အားကောင်းခဲ့သည်ဟုဆိုနိုင်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်သူများကိုယ်တိုင် ကုန်ကျရမည့်ငွေနှင့် နိုင်ငံတော်သို့ အမှန်ပေးသွင်းရသည့် ကုန်ကျစရိတ်များကို ရပ်ကွက်/ ကျေးရွာအချို့၌ အလှူရှင်၊ စေတနာရှင်များကြောင့် အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကရင်နှင့်ကယားပြည်နယ်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အချို့တို့၌ NRC နှင့် UNHCR စသည့် နိုင်ငံခြားအဖွဲ့အစည်း အလှူရှင်များကြောင့် လုပ်ငန်းဆောင်ရွက်မှုအားလုံးအတွက် ပြည်သူများအား ကုန်ကျစရိတ်မရှိဘဲ အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အလှူရှင်များအတွက် အနုမောဒနာ သာဓု ခေါ်ဆိုပါသည်။

မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဦးသည် မိုးပွင့်စီမံချက်လုပ်ငန်းဆောင်ရွက်ချက်များကို တရစပ်ပြောလိုက်ပြီး ရေနွေးကြမ်းတစ်ငုံကို မော့သောက်လိုက်သည်။ လုပ်ငန်းဆိုင်ရာ ရှင်းလင်းအပြီးမှာ ကျွန်တော်သိချင်တာများ မေးမြန်းလိုသောကြောင့် မြို့နယ်မှူးအား အကူအညီတောင်း၍ တွေ့ဆုံမေးမြန်းလိုက်ခြင်းဖြစ်သည်။ ဆရာမနှင့် လဝကဝန်ထမ်းများက ရွှေ့ပြောင်းလျှောက်လွှာများတွင် ဖြည့်သွင်းရမည့် အချက်အလက်များကို လက်တွေ့ပြသ ရှင်းလင်းနေကြချိန်ဖြစ်သည်။ မြို့နယ်မှူးရှင်းပြမှုများသည် ကျွန်တော်ယခင်က တွေ့ကြုံခံစားရမှုကို ပုံဖော်ခဲ့သည့်ဆောင်းပါးအတိုင်းပင်။ ပြည်သူတို့အပေါ် ကြဲဖြန့်လိုက်သည့် မိုးပွင့်ပန်းများအဖြစ် ထပ်မံ၍ မုဒိတာပွားလိုက်မိသည်။

"မိုးပွင့်အဆင့်(၇)ပြီးတော့ မိုးပွင့်(အထူး)ဆိုပြီး ဆက်လုပ်နေတာ ကျွန်တော်သိတယ်ဗျ။ အဲဒီအကြောင်းလေးနဲ့ ကျောင်းတွေမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားလုပ်ပေးတဲ့အကြောင်းတွေလည်း သိပါရစေ။ အချိန်ရရင် ရှင်းပြပေးပါလား"ဟု ကျွန်တော်က အရေးဆိုလိုက်သည်။ "ရှင်းပြမှာပေါ့ဗျာ။ ကျွန်တော်တို့ လုပ်ငန်းတွေသိချင်တာကိုပဲ ဝမ်းသာလှပါတယ်။ ဆောင်းပါးရေးပြီး ပြည်သူတွေသိအောင် ဖော်ပြမှာဆိုတော့ ကျေးဇူးတောင်တင်ရဦးမှာပါ" ဟု မြို့နယ်မှူးကလည်း ပြောချင်ချင်ဆိုတော့ အတော်ဖြစ်သွားသည်။ ကျွန်တော်တို့စကားဝိုင်းသို့ ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်နှင့် ကျောင်းသားမိဘ နှစ်ဦးတို့လည်း လာထိုင်ကြသည်။ ဝန်ထမ်းများနှင့် ဆရာမများက ကျောင်းသားများနှင့် တစ်သားတည်းဖြစ်နေကြပြီ။ ရေးသူရေး၊ မေးသူမေးနဲ့ပေါ့။

လဝက၏ မိုးပွင့်(အထူး) စီမံချက်ကို ၁-၁-၂၀၁၅ ရက်နေ့မှ ၃၀-၇-၂၀၁၅ ရက်နေ့အထိ ခုနစ်လကြာ ဆောင်ရွက်ခဲ့သည်။ မိုးပွင့်(အထူး)သည် အသက် ၁၈ နှစ်ပြည့်ပြီး သူများကို အဓိက ဦးစားပေးဆောင်ရွက်ပေးသည့် စီမံချက်ဖြစ်သည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ၁၈ နှစ်ပြည့်ပြီးသူတိုင်း မဲဆန္ဒပေးနိုင်ရန် လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုယ်စီရရှိစေရေးအတွက် ကောက်သင်းကောက် ဆောင်ရွက်ချက်ပင်။ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံတစ်ဝန်း အိမ်ထောင်စုလူဦးရေ လေး သိန်း ခြောက်သောင်းကျော်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၃ သိန်းကျော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ မြို့နယ်မှူးက အားပါးလာသည်။ သူ့ဖိုင်ထဲက ဌာန၏ ထုတ်ပြန်ချက် စာရင်းတွေကို ကြည့်ရင်းပြောနေခြင်းဖြစ်သည်။ မိုးပွင့်စီမံချက်များသည် တိုင်းရင်းသားများအတွက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး သွေးနှောနိုင်ငံသားများအတွက်မူ အဘိုး၊ အဘွား၊ မိဘများ၏ မှတ်တမ်းမှတ်ရာများကို စနစ်တကျတိုက်ဆိုင်စစ်ဆေးနိုင်ရန်ရုံးများ၌ သာဆောင်ရွက်ပေးသည်။ ကာယကံရှင်က သက်ဆိုင်ရာမြို့နယ် လဝကရုံးများသို့ ဆက်သွယ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မိုးပွင့်(အထူး)စီမံချက်က ၃၀-၇-၂၀၁၅ ရက်နေ့တွင်ပြီးဆုံးသွားခဲ့သည်။ ဩဂုတ်လတစ်လနား၍ ၁-၉-၂၀၁၅ ရက်နေ့မှစတင်ကာ မိုးပွင့်(အထူး)အပိုင်း(၂)ဟုသတ်မှတ်ကာ နိုင်ငံသားစိစစ်ရေးကတ်ပြားမပြုလုပ်ရသေးဘဲ ကျန်ရှိနေသဖြင့် ဆောင်ရွက်ပေးရန်အကြောင်းကြားသည့် ရပ်ကွက်/ ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ မိုးပွင့်(အထူး) အပိုင်း(၂)သည် ၁-၉-၂၀၁၅ ရက်နေ့မှ ၃၁-၁၂-၂၀၁၅ ရက်နေ့အထိ ဆောင်ရွက် ခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ပေးနေစဉ် အသက် (၁၀) နှစ်နှင့် (၁၈) နှစ်ကြားရှိသူ အများစု မှတ်ပုံတင်မရရှိသေးကြောင်း စာရင်းအရ သိရသည်။ ယင်းအသက် အပိုင်းအခြားများသည် စာသင်ကျောင်းများ၌ အများစုရှိနေကြသည်။ ထို့ကြောင့် စာသင်ကျောင်းများသို့ နိုင်ငံသားစိစစ်ရေး ကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုဝန်ကြီးက လမ်းညွှန်မှုပြုခဲ့သည်။ အဓိကအားဖြင့် အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများ၌ ကွင်းဆင်းဆောင်ရွက်ထုတ်ပေးခဲ့သည်။ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများလည်း ပါဝင်သည်။ စာသင်ကျောင်းများအတွက် စီမံချက်ကို မိုးပွင့် (အထူး) အပိုင်း(၂) စီမံချက် ကာလအတွင်း၌ပင် သီးခြားခွဲ၍ ၁-၁၂-၂၀၁၅ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၁-၁-၂၀၁၆ ရက်နေ့တွင်စီမံချက် ပြီးဆုံးမည်ဖြစ်သည်။ ကျောင်းစီမံချက်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပူးပေါင်း၍ မြို့နယ်အလိုက်စာရင်းပြုစုရေးဆွဲဆောင်ရွက်ခဲ့ရာ စီမံချက်ရေးဆွဲကာ ဆောင်ရွက်ချိန်တစ်လခွဲအတွင်း အတော်ခရီးပေါက်နေပါပြီ။ မြို့နယ်မှူး၏ ရှင်းပြချက်များက စိတ်ဝင်တစားရှိလှသည်။

"ကျောင်းစီမံချက်ရဲ့ အဓိကကတော့စီမံချက်အတိုင်း သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးတွေမှာကြိုညှိရတယ်။ မြို့နယ်အတွင်း အလယ်တန်းနှင့်အထက်တန်းကျောင်းအရေအတွက်၊ မြို့နဲ့ကျောင်းတွေရဲ့ အကွာအဝေး၊ ကျောင်းအလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးဖို့ ကျန်ရှိတဲ့ကျောင်းသားအရေအတွက်၊ အဲဒီအချက်တွေကို ကြိုညှိနှိုင်းပြီး ဆောင်ရွက်ရယူရပါတယ်" ဟုရှင်းပြသည်။ ဆက်လက်ပြီး မြို့နယ်မှူးကပင် "အဲဒီစာရင်းတွေရတော့မှ ကျွန်တော်တို့က ကွင်းဆင်းစီမံချက်ပြန်ဆွဲရတယ်။ အဝေးဆုံးကျောင်းတွေကို အရင်ကွင်းဆင်းပြီး တဖြည်းဖြည်းနဲ့မြို့ပေါ်ကျောင်းတွေရောက်လာတာပါ။ ဒီထဲမှာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွေလဲပါတယ်လေ" ဟုပြောကြားသည်။ စီမံချက်အရ ကွင်းဆင်းဆောင်ရွက်ပေးမည့်ကျောင်းသို့ဆောင်ရွက်မည့်ကျောင်းသားရေအတွက်အတိုင်း ရွှေ့ပြောင်းလျှောက်လွှာများကြိုတင်ဖြန့်ဝေ၍ ဆရာ ဆရာမများအကူအညီဖြင့် ပုံစံများဖြည့်သွင်းခြင်း၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ဘိုးဘွားမိဘများ၏ ကိုင်ဆောင်သည့်လက်မှတ်အထောက်အထားများကြိုတင်၍ မိတ္တူကူးယူစေခြင်း၊ မွေးသက္ကရာဇ်အတွက် ကျောင်းဝင်စာရင်းပါအသက်ကို ကျောင်းထောက်ခံချက် ပြုလုပ်ခြင်း၊ ကျန်းမာရေးဌာနအကူအညီဖြင့် သွေးအမျိုးအစားစစ်ဆေးခြင်းတို့ကို ကြိုတင်ဆောင်ရွက်ထားရှိသည်။

*(ဆက်လက်ဖော်ပြပါမည်။)*

## အရေးပေါ်လူနာများ အသုံးပြုနိုင်ရန် အောက်ဆီဂျင်ဘူးများ ပြုပြင်

**နောင်ချို ဇန်နဝါရီ ၂၆**

နောင်ချိုမြို့နယ် စေတနာမွန်လူမှုကူညီရေးအသင်းမှဦးနေဦးသာ ဦးဆောင်၍ ဇန်နဝါရီလ တတိယပတ်က အသင်းရုံး၌ အရေးပေါ်လူနာများအသုံးပြုရန်အတွက် အသက်ကယ်အောက်ဆီဂျင်ဘူးများကို နောင်ချိုမြို့နယ်ဒေသခံပြည်သူများ ပြုပြင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ယာဉ်)**

နောင်ချိုမြို့နယ်စေတနာမွန်လူမှုကူညီရေးအသင်းသည် ပရဟိတလုပ်ငန်းအထူးအောင်မြင်သောအသင်းဖြစ်ပြီး အရေးပေါ်ကိစ္စရပ်များဖြစ်ပေါ်ပါက ဖုန်း-၀၈၂-၈၅၃၈၃ သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



# မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်ရှိ ကျူးကျော်တဲများကို သက်ဆိုင်ရာက ဖယ်ရှားရှင်းလင်း

သတင်း-ခင်မောင်ထွေး၊ ဝင်းဝင်းမော်



ကျူးကျော်တဲများ ရွှေ့ပြောင်းခြင်းကို ကြိုတင်ညှိနှိုင်းစီမံပြီး ယာဉ်များဖြင့် ပို့ဆောင်ပေးခဲ့စဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်စက်မှုဇုန်နေရာရှိ ကျူးကျော်တဲများကို ဇန်နဝါရီ ၂၅ ရက်နောက်ဆုံးထား၍ပြောင်းရွှေ့ရန် သက်ဆိုင်ရာက ကြိုတင်ညွှန်ကြားခဲ့ပြီးနောက် ကျူးကျော်တဲ ၄၇၈ လုံးကို ယနေ့နံနက်တွင် သက်ဆိုင်ရာက ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

ကျူးကျော်များ သမိုင်းကိုကြည့်လျှင် လွတ်လပ်ရေးမရခင်ကတည်းကပင်ရှိခဲ့၍ အစိုးရအဆက်ဆက်ရှင်းလင်းခဲ့ရပါကြောင်း၊ ယခု အစိုးရလက်ထက်တွင်လည်းရှိခဲ့၍ ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်အောင်ထွန်းက ပြောသည်။

မျက်မှောက်ကျူးကျော်တဲကိစ္စရပ်များတွင် အမှန်တကယ်နေထိုင်ရန် အခက်အခဲရှိသူအချို့ပါဝင်သကဲ့သို့ လူနေထိုင်မှုမရှိဘဲ ကြိုတင်နေရာဦးခြင်း၊ တစ်ဆင့် ပြန်လည်ငှားရမ်းရောင်းချခြင်းများကိုလည်း စီးပွားရေးလုပ်ငန်းတစ်ခုအသွင် လုပ်ဆောင်နေမှုများ ရှုပ်ထွေးလျက်ရှိနေသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ❖

## တက္ကသိုလ်ဝင်စာမေးပွဲ အဆောက်အကူပြုသင်ခန်းစာများ ဖော်ပြသွားမည်

**နေပြည်တော် ဇန်နဝါရီ ၂၆**

၂၀၁၆ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြုဘာသာရပ်များကို ဇန်နဝါရီ ၂၈ ရက်မှစ၍ မြန်မာ့အလင်းသတင်းစာ၌ အချပ်ပိုစာမျက်နှာအဖြစ် အောက်ပါအတိုင်း ဖော်ပြသွားမည်ဖြစ်သည်။

| | | |
|---|---|---|
| (က) | မြန်မာစာ | ၂၈-၁-၂၀၁၆ |
| (ခ) | စိတ်ကြိုက်မြန်မာစာ | ၂၉-၁-၂၀၁၆ |
| (ဂ) | အင်္ဂလိပ်စာ | ၃၀-၁-၂၀၁၆ |
| (ဃ) | သင်္ချာ | ၃၁-၁-၂၀၁၆ |
| (င) | ဓာတုဗေဒ | ၁-၂-၂၀၁၆ |
| (စ) | ရူပဗေဒ | ၂-၂-၂၀၁၆ |
| (ဆ) | ဇီဝဗေဒ | ၃-၂-၂၀၁၆ |
| (ဇ) | ပထဝီဝင် | ၄-၂-၂၀၁၆ |
| (ဈ) | သမိုင်း | ၅-၂-၂၀၁၆ |
| (ည) | ဘောဂဗေဒ | ၆-၂-၂၀၁၆ |

## အရှေ့တောင်အာရှ တံခွန်စိုက်မြားပစ်ပြိုင်ပွဲ ဒုတိယနေ့၌ မြန်မာအသင်း ရွှေတစ်ခု၊ ငွေနှစ်ခုနှင့် ကြေးနှစ်ခု ဆွတ်ခူး

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း) ➤ ဓာတ်ပုံ-အောင်နိုင်ဝင်း(အား/ကာ)



အမျိုးသမီး မီတာ ၅၀ Recurve တစ်ဦးချင်းပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေ တစ်ခုဆွတ်ခူးထားသော မစန်းယုထွေးအား ဆုတံဆိပ်နှင့်အတူတွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၆**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၆ခုနှစ် (၅)ကြိမ်မြောက် အရှေ့တောင်အာရှ တံခွန်စိုက် မြားပစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ကျိုက္ကဆံ မြားပစ်အားကစားကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းမှ ရွှေ တစ်၊ ငွေ နှစ်နှင့် ကြေးနှစ်ခုတို့ ဆွတ်ခူးရရှိထားကြောင်း သိရသည်။

ဇန်နဝါရီ ၂၅ ရက် ဒုတိယနေ့ပွဲစဉ်တွင် အမျိုးသား၊ အမျိုးသမီး မီတာ ၅၀ Recurve တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီး မီတာ ၇၀ Compound တစ်ဦးချင်းပြိုင်ပွဲ Recurve Mixed Team မီတာ ၅၀ ပြိုင်ပွဲ၊ Compound Mixed Team မီတာ ၇၀ ပြိုင်ပွဲတို့၏ အကြိုဗိုလ်လုပွဲများကို ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲများအပြီး အမျိုးသမီးတစ်ဦးချင်း မီတာ ၅၀ Recurve ပြိုင်ပွဲတွင် မြန်မာအသင်းမှ စန်းယုထွေးက ပထမဆု ရွှေ၊ ဒုတိယဆု ငွေတံဆိပ်ကို ဗီယက်နမ်နိုင်ငံ Loc Thi Dao က ရရှိခဲ့ပြီး တတိယဆုငွေတံဆိပ်ကို မြန်မာနိုင်ငံမှ ဇာခြည်ဝင်းက ရရှိခဲ့သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ■

## ရန်ကုန်မြစ်ဝ သင်္ဘောတိုက်မိမှု နစ်မြုပ်ဗီယက်နမ်ကုန်သင်္ဘောမှ သင်္ဘောသားအားလုံးကို ပြန်လည်လွှဲပြောင်း

◆ မြင့်မောင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဇန်နဝါရီ ၂၆**

ရန်ကုန်မြစ်ဝအနီး မြန်မာ့ပင်လယ်ပြင်တွင် ကျောက်ဆူးကြိုးပြတ်ပြီး အခြားရေနံတင်သင်္ဘောကိုဝင်တိုက်ကာ နစ်မြုပ်သွားသော ဗီယက်နမ်ကုန်တင်သင်္ဘောပေါ်မှ သင်္ဘောသားအားလုံးကို သက်ဆိုင်ရာ ဒေသကိုယ်စားလှယ်ရုံးသို့ ပြန်လည်လွှဲပြောင်းပေးလိုက်ပြီဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ ဒီဖြစ်စဉ်ကို သိသိချင်း တပ်မတော်ရေ ရှာဖွေကယ်ဆယ်ရေးကော်မတီကို အကြောင်းကြားခဲ့ပါတယ်။ ရှာဖွေကယ်ဆယ်ရေးကော်မတီက

စာမျက်နှာ ၁၄ ကော်လံ ၁ ❒





Myanmar Synergy Co., Ltd.
SYNERGY SALES & SERVICE CENTER

• အမှတ် (၁၇၅)၊ မင်္ဂလာရာမင်းသားကြီးဖောင်ပျိုးလမ်း၊ စက်မှုဇုန်(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
• အမှတ် (၂၀၅)၊ ဗိုးရာဇာလမ်းနှင့် ၅၅လမ်းထောင့် ၊ စက်မှုဇုန် (၁)၊ မန္တလေးမြို့။
• အမှတ် (၀၁၁/၉၀) ယျှမာ၊ ဆိုင်းတောင်ကြီးလမ်း၊ တာကန့်မြို့။

Sales Hotline: 09-263617334, 09-2029015


mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း